# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဓမ္မတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# MSME လုပ်ငန်းများတွင် အသေးစားလုပ်ငန်းများသည် Export ထုတ်ရန်မလိုဘဲ ပြည်တွင်းသုံးစွဲမှုနှင့် အလတ်စား၊ အကြီးစားလုပ်ငန်းများတွင် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို ချိတ်ဆက်ဖြည့်ဆည်းနိုင်ရေး စဉ်းစားဆောင်ရွက်ရန်လို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊


*စာမျက်နှာ ၆ ကော်လံ ၁* ✪



**ယနေ့** *ဖတ်စရာ*

**၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း** — ဥပဒေ — စာ ၃

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ တတိယနေ့ဆက်လက်ကျင်းပ **ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက် ပါဝင်ဆင်နွှဲ** — ပြည်တွင်းသတင်း — စာ ၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ U -25 (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ U -25 (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD၊ MRTV Sports Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်

# အကြမ်းဖက်မှုများကို ဆန့်ကျင် အပြစ်မဲ့ပြည်သူများကို ကာကွယ်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုဖြစ်စဉ်များနှင့် နောက်ဆက်တွဲ နိုင်ငံရေးအပြောင်းအလဲများနှင့် အတူ လူသတ်အကြမ်းဖက်ဝါဒလည်း ပေါ်ပေါက်လာသည်။ စင်စစ်အကြမ်းဖက်ဝါဒသည် ဆန္ဒပြတောင်းဆိုမှုများဖြင့် စတင်သည့် အစောပိုင်းကာလမှာပင် စတင်သန္ဓေတည်ခဲ့ပြီး နောက်ပိုင်းတွင် တစ်ဆင့်ထက်တစ်ဆင့် ရင့်သည်ထက် ရင့်လာခဲ့ရခြင်းပင်ဖြစ်သည်။

ဆန္ဒပြပွဲများသို့ တစ်အိမ်တစ်ယောက်လိုက်ခိုင်းခြင်း၊ အလှူငွေထမင်းထုပ် စသည်တို့ ဆင့်ဆိုခြင်း၊ သဲအိတ်များ ထမ်းရခြင်း၊ သံပုံးတီးရခြင်း၊ မီးမှိတ်ရခြင်း စသည်တို့ကို စိတ်ပါလက်ပါပြုလုပ်ခဲ့ကြသူများရှိသကဲ့သို့ မလုပ်လိုသူ ကြားနေများ၊ ဆန့်ကျင်လိုသူများလည်း ရှိနေခဲ့သည်။ ဝန်ထမ်းများကို CDM ပြုလုပ်ကြရန် လှုံ့ဆော်ကြရာတွင်လည်း လိုက်ပါပြုလုပ်ကြသူများရှိသကဲ့သို့ မလိုက်ပါလိုသူများ၊ ဆန့်ကျင်ကြသူများလည်း ရှိခဲ့သည်။ ဒီမိုကရေစီအစိုးရ နှစ်ဆက် ဖြတ်သန်းခဲ့ပြီးဖြစ်သည့် နိုင်ငံသူနိုင်ငံသားများ အတွင်း အတွေးအမြင်၊ အယူအဆများ၊ ဆန္ဒများ ကွဲပြားခြားနားနေကြသည်မှာ သဘာဝကျသော်လည်း သွေးထိုးလှုံ့ဆော်များ ထပ်မံထွက်ပေါ်လာပြန်သည်။ တော်လှန်ရေးတွင် ကြားနေမရှိဟူ၍လည်းကောင်း၊ အဓမ္မသမားများဟူ၍လည်းကောင်း၊ လူမှုရေးဒဏ်ခတ်ရန်ဟူ၍လည်းကောင်း အကြမ်းဖက်အတွေးအခေါ်များ စတင်ချမှတ်လာခဲ့ပြီး လူအုပ်စုဖြင့် အရှက်တကွဲဖြစ်စေရန် ဖိအားပေးအကျပ်ကိုင်မှုများ၊ စွပ်စွဲပြောဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

မြို့ပေါ်ဆန္ဒပြပွဲများ၊ အဓိကရုဏ်းများ ဖြစ်ပွားနေစဉ်ကာလမှာပင် အကြမ်းဖက်သတ်ဖြတ်မှုများ စတင်ဖြစ်ပေါ်လာခဲ့ပြီဖြစ်ရာ စစ်တပ်သတင်းပေးဟူ၍ စွပ်စွဲသတ်ဖြတ်မှုများ၊ အရပ်ထဲတွင် နေထိုင်ကြသည့် တပ်မတော်မိသားစုဝင်များကို သတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။ သတ်ဖြတ်မှုများ၏ နောက်ကွယ်တွင် CRPH ၊ NUG တို့က နောက်ကွယ်မှ ကြိုးကိုင်၍ PDF အပါအဝင် အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် အကြမ်းဖက်အုပ်စုငယ်များက သွေးစွန်းသည့် သတ်ဖြတ်မှုများကို ကျူးလွန်ကြခြင်းဖြစ်သည်။ ယခုအခါ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူလူထုက ပိုမိုနားလည်သိရှိလာကြပြီး လက်မခံကြတော့သည့် အလျောက် လျှို့ဝှက်သတင်းပေးဖော်ထုတ်မှုများကြောင့် အကြမ်းဖက်သမားအုပ်စုများ၊ လက်နက်ခဲယမ်းများ အစုလိုက်အပြုံလိုက် မကြာခဏ ဖမ်းဆီးရမိလျက်ရှိသည်။

ပြည်သူအတွက်ဟူသော အသုံးအနှုန်းဖြင့် အကြမ်းဖက်သတ်ဖြတ်၊ လုယက်မှုတို့ကို ကျူးလွန်နေကြသည့် အကြမ်းဖက်အုပ်စုများက လူမှုကွန်ရက်များကို အသုံးချ၍ မမှန်မကန်သတင်းများပေးလေ့ရှိကြောင်း ၎င်းတို့ကိုယ်တိုင် ထုတ်ဖော်ပြောကြားမှုများကို တွေ့နေရပြီး ခေါင်းစဉ်အမျိုးမျိုးဖြင့် ထောက်ပံ့ရန်၊ ကူညီရန်၊ လှူဒါန်းရန် တောင်းဆိုမှုများကိုလည်း တွေ့ရသည်။ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ရန် ကူညီထောက်ပံ့ခြင်းက မိမိကိုယ်တိုင် ကျူးလွန်သည်နှင့်မခြား အကုသိုလ်အရာမြောက်သည့်အပြင် ဥပဒေအရလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်ငြိစွန်းမည်ဖြစ်သည်။ အကြမ်းဖက်သမားတို့၏ လှုပ်ရှားမှုသတင်း၊ လက်နက်ခဲယမ်း ကိုင်တွယ်သိုလှောင်သယ်ဆောင်မှုသတင်းများကို သက်ဆိုင်ရာသို့ လျှို့ဝှက်ပေးပို့ခြင်းဖြင့် အပြစ်မဲ့ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ပေးနိုင်ကြပါစေကြောင်း။ ။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ စိုးမြင့်အေး | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ ရီရီဦး | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) ဒေါ်နွယ်နီ | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၄) ဒေါက်တာ သိင်္ဂီမောင်မောင် | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၅) ဒေါက်တာလဲ့လဲ့ဦး | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၆) ဒေါက်တာနီလာသိန်း | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (သထုံ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်

ဇေယျာသီရိ ဒီဇင်ဘာ ၂၈

ဇေယျာသီရိမြို့နယ်၌ မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက ဖွင့်လှစ်သည့် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးက လူဦးရေစာရင်းမှန်ကန်စေရေး မြို့နယ်အဆင့်မြေပြင်ကွင်းဆင်းစာရင်းကောက် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ကြားပို့ချမှုအပေါ် အလေးထားပြီး သင်ယူကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅၀ တက်ရောက်ခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်တစ်အိမ်တက်ဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းလုပ်ငန်းစဉ်များ၊ မသန်စွမ်း ငါးမျိုးစာရင်းကောက်ယူမှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စများ စသည့်အကြောင်းအရာများကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၈

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ မိုင်းယန်းမြို့၊ ဟားခါးမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၀ ဒသမ ၃၁ လက်မ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၁၆ လက်မ၊ ကွမ်းလုံမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် မြစ်ကြီးနားမြို့၊ မချမ်းဘောမြို့၊ ဟုမ္မလင်းမြို့နှင့် တမူးမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ အတည်ပြုထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၄၉ ဖြင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပြီး အဆိုပါဥပဒေသည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၄၉/၂၀၂၂)
၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
( ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း (၂)**
**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။
(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၃၆၇.၅၀၂ | | | | | | | | ၂,၃၆၇.၅၀၂ |
| ၂ | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၇၉.၃၁၉ | | | | | | | | ၅၇၉.၃၁၉ |
| ၃ | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၀.၆၃၀ | | | | | | | | ၂၀.၆၃၀ |
| ၄ | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၅.၃၀၀ | | | | | | | | ၈၅.၃၀၀ |
| ၅ | ၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၆၀.၀၅၄ | | | | | | | | ၁၆၀.၀၅၄ |
| ၆ | ၁၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၁၁၆.၀၀၈ | | | | | | | | ၁,၁၁၆.၀၀၈ |
| | | ပေါင်း | | ၄,၃၂၈.၈၁၃ | | | | | | | | ၄,၃၂၈.၈၁၃ |

စာမျက်နှာ ၄ သို့

စာမျက်နှာ ၄ မှ

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၈.၇၈၀ | | | | | | | | ၄၈.၇၈၀ |
| | | ပေါင်း | | ၄၈.၇၈၀ | | | | | | | | ၄၈.၇၈၀ |

## နေပြည်တော်ကောင်စီ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၉.၂၅၀ | | | ၆,၁၆၈.၃၅၄ | | | | | ၆,၂၂၇.၆၀၄ |
| | | ပေါင်း | | ၅၉.၂၅၀ | | | ၆,၁၆၈.၃၅၄ | | | | | ၆,၂၂၇.၆၀၄ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၃၉၈.၇၇၅ | | ၇,၄၁၃.၃၆၄ | ၈.၀၀၀ | | | | | ၈,၈၂၀.၁၃၉ |
| | | ပေါင်း | | ၁,၃၉၈.၇၇၅ | | ၇,၄၁၃.၃၆၄ | ၈.၀၀၀ | | | | | ၈,၈၂၀.၁၃၉ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၂,၅၁၁.၈၅၃ | | | ၄.၃၄၃ | | | | | ၃၂,၅၁၆.၁၉၆ |
| | | ပေါင်း | | ၃၂,၅၁၁.၈၅၃ | | | ၄.၃၄၃ | | | | | ၃၂,၅၁၆.၁၉၆ |

## အားလုံးညီစိမ် စိန်ရတုချိန်

❂ လွတ်လပ်ခဲ့ပြီတိုင်းဌာနီကား
ရည်ကာတွက်စစ်ခုနစ်ဆယ့်ငါးနှစ်
သစ်လွင်တည်ထောင် မြန်လူ့ဘောင်သည်
အောင်မြင်မှုနေး ဝါဒဘေးကား
ရေးပြမကုန် ခုထိကြုံသည်
ယုံကြည်ရာစွဲ စိတ်ချင်းကွဲ၍
လွဲမှားမာန မိုးထိပြကာ
မိနှင့်မတူ ရန်သူဟူ။

❂ အပြုအဖျက် ဒီနှစ်ချက်ကို
လက်ထွန်းဉာဏ်ရောင်နှလုံးဆောင်၍
မောင်မြန်မာများ အသိပွားကာ
သွားးလာလုပ်ငန်း ပြည့်တွက်ထမ်းပြီး
လမ်းပန်းသာစေအထွေထွေလည်း
ရေရှည်တိုးတက်အကျိုးဆက်အား
ထက်သော မြန်မာရဖို့ရှာ။

❂ စိန်ထက်မာကျစ် ပြည်အချစ်ကြောင့်
ဖြစ်တည်လာပေးလွတ်လပ်ရေးကို
လေးစားရိုသေမြတ်နိုးစေ။

❂ တွင်းပနှစ်ဒဏ်ကြံ့ကြံ့ခံ၍
သန်ရှင်လွတ်လပ်မြန်ပြည်ကပ်ဖို့
သပ်ရပ်ခိုင်ကျည်စစ်အင်ပီဖြင့်
လီလီအောင်ပွဲသက်စွန့်နွဲ့သည့်
တွဲဖက်ညီနောင် ပြည်ချစ်မောင်ကို
ယောင်၍လေပင် ဖြစ်မတင်နှင့်။

❂ တစ်မိဝမ်းဖွား ညီအစ်ကိုများ
သားသွေးအစစ်တို့တွေဖြစ်၍
ချစ်ရက်ကြာရှည်အမိမြေကို
တစေလွတ်လပ်အမြင့်တပ်ဖို့
ထပ်ထပ်ကြိုးစား တန်ဖိုးထားကာ
အားလုံးညီစိမ် စိန်ရတုချိန်။ ။

ညိုဝင်း (ချစ်မြေ)

❂ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ခြင်းနှင့် ကြီးကြပ်မှုကော်မတီ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ချေးငွေစိစစ်ရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး MSME လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က MSME လုပ်ငန်းများနှင့် ပတ်သက်သည့် မူဝါဒနှင့် လမ်းညွှန်ချက်ဆိုင်ရာများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးဝန်ကြီး ဦးမျိုးမြင့်အောင်က တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှု/လက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက MSME Member Card ထုတ်ပေးနေမှု ၊ MSME လုပ်ငန်းရှင်များသို့ ချေးငွေအထောက်အပံ့များ ပံ့ပိုးပေးထားမှု၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးမှု၊ စက်မှုဇုန်သတင်းအချက်အလက်စနစ် တည်ဆောက်ထားရှိမှု စသည့်ကိစ္စရပ်များအား သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**အရေးကြီးသောအခန်းကဏ္ဍမှ ရပ်တည်**

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့ MSME



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ စက်မှုဇုန်(၃)ရှိ မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်သည့် FAME တိုင်းရင်းဆေးဝါးစက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။

အဖွဲ့များနှင့် တွေ့ဆုံစဉ် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် မိမိတို့လိုဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံစီးပွားရေး၏ ကုန်ထုတ်လုပ်မှု၌ ၉၉ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိပြီး နိုင်ငံ၏ GDP တွင် အရေးကြီးသောအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိကြောင်း၊ MSME ၏ အခြေခံဖြစ်သော ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ သွင်းအားစုနှင့် လူ့စွမ်းအားအရင်းအမြစ်တို့နှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သရွေ့ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လူ့စွမ်းအား အရင်းအမြစ်တို့အတွက် အလယ်တန်းအဆင့်နှင့်အောက် တတ်မြောက်သူများအတွက် ဝန်ကြီးဌာန ခုနစ်ခုမှ ကာလတိုနှင့် ကာလရှည် သင်တန်းပေါင်း ၁၉၈ မျိုးအား ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ အထက်တန်းအဆင့် ပညာတတ်မြောက်ပြီးသူများအတွက် THS၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် စက်မှုသိပ္ပံတို့ ဖွင့်လှစ်ပေးမှုအခြေအနေ၊ အဆင့်မြင့်ပညာနှင့် ပတ်သက်၍ ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်များအား ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေ၊ ကုန်ထုတ်လုပ်မှု၊ သွင်းကုန်အစားထိုးမှုနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ထုတ်ကုန်ဦးစားပေး ဆောင်ရွက်ရာတွင် ဒေသအလိုက် ထွက်ရှိကုန်ကြမ်းများမှတစ်ဆင့် ကုန်ချောထုတ်လုပ်နိုင်မည့် မူဝါဒကိုလည်း လက်မလွှတ်စေရန် လိုအပ်သည့်အခြေအနေ ၊ MSME လုပ်ငန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၌ အေဂျင်စီဖွဲ့စည်းပြီးဖြစ်၍ အေဂျင်စီသည် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခု၊ လုပ်ငန်းသုံးသပ်ရေးအဖွဲ့၊ ရန်ပုံငွေစိစစ်ရေးအဖွဲ့တို့နှင့် ချိတ်ဆက်၍ လုပ်ငန်းကော်မတီနှင့်ဗဟိုကော်မတီအဆင့်ဆင့်တို့ ချိတ်ဆက်တင်ပြဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ပြောကြားသည်။

**ဥပဒေနှင့်အညီ တောင်းခံ**

ဆက်လက်ပြီး စိုက်ပျိုးရေးချေးငွေနှင့် ပတ်သက်၍ ခရိုင် ၁၄ ခု အားလုံး၌ ပေးဆပ်ရန်ကျန်ပမာဏများပြားနေကြောင်း၊ ပေးဆပ်ရန်ရှိသည်များ အမြန်ဆုံးပေးဆပ်ရန်လိုပြီး ထိုသို့ပေးဆပ်မှသာ လိုအပ်သူများအတွက် ထပ်မံချေးငှားခြင်းဖြင့် လုပ်ငန်းတိုးချဲ့မှုများ ဆောင်ရွက်နိုင်မည်ဖြစ်၍ စည်းရုံးဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီ တောင်းခံခြင်းများ ဆောင်ရွက်ရန်လိုကြောင်း။

တိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂ ခုနှစ်တို့၏ မိုးရွာသွန်းရက်နှင့် မိုးရေချိန်များသည် များစွာကွာခြားမှု မရှိကြောင်း၊ သို့ရာတွင် အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် စပါးနှင့် ပဲမျိုးစုံစိုက်ဧက လျာထားချက်ကို မြို့နယ်အားလုံး ပြည့်မီခြင်းမရှိသလို အထွက်နှုန်းမှာလည်း ပန်းတိုင်အထွက်နှုန်းကိုပြည့်မီရန် လိုအပ်နေသေးသည်ကို တွေ့ရပါကြောင်း၊ စိုက်ဧကတိုးချဲ့မှုအစား လက်ရှိစိုက်ဧကအား သီးနှံအထွက်ပိုမိုတိုးမြှင့်ရေးကြိုးပမ်းရန် လိုအပ်ကြောင်း၊ သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန် လိုအပ်မှု၊ သွင်းအားစု၊ လိုအပ်ရေပမာဏရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးကို ဂရုပြုရန်လိုသလို စိုက်ပျိုးရာတွင်လည်း နိုင်ငံတကာဈေးကွက်အထိ အဆင့်မီတင်ပို့နိုင်ရေး Good Agriculture Practice(GAP) အသိပညာသိရှိအောင် စိုက်ပျိုးသူများကို ပညာပေးရန်လိုကြောင်း။

**နိုင်ငံတော်မှ စီမံဆောင်ရွက်နေ**

သမဝါယမအသင်းဖွဲ့စည်းမှုနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်မှုအပေါ် ကျေနပ်အားရဖွယ် တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှု သမဝါယမအသင်း ၉၇၄ သင်း၊ ကုန်သွယ်မှုသမဝါယမအသင်း ၉၁၁ သင်းနှင့် ဝန်ဆောင်မှုသမဝါယမအသင်း ၆၄၉ သင်း စုစုပေါင်း ၂၅၃၄ သင်းအထိ ဖွဲ့စည်း၍ လုပ်ငန်းများလည်ပတ်နေသည်ကို သိရ၍ ယခုထက် အောင်မြင်အောင် တိုးချဲ့ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ MSME လုပ်ငန်းများ၏ အဓိကအခက်အခဲများတွင် ချေးငွေရယူလိုမှုနှင့် ချေးငွေသက်တမ်းတိုးလိုမှုကို တွေ့ရပြီး မှန်ကန်စွာဖြေရှင်းနိုင်ရန်မှာ ချေးငွေကို အချိန်မှန်ပေးဆပ်ရန်ပင်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မြေနေရာရရှိလိုမှုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်စပါး အဓိကထုတ်လုပ်သောနိုင်ငံဖြစ်၍ လယ်မြေနှင့် ပတ်သက်လျှင် အခြားနည်းသုံးစွဲရန် ခွင့်မပြုကြောင်းကို နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ အလားတူ စက်မှုဇုန်သည် ကုန်ထုတ်လုပ်မှုအတွက် ရည်ရွယ်ထူထောင်ထားခြင်းဖြစ်၍ လူနေအိမ်ရာနှင့် ရပ်ကွက်အဖြစ်သို့ ပြောင်းလဲ၍မရပါကြောင်း၊ မဖြစ်သင့်ပါကြောင်း၊ တတိယအချက်မှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြစ်ပြီး နိုင်ငံ၏လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေအရ လုံလောက်မှုမရှိသေးကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ လျှပ်စစ်ဓာတ်အားလုံလောက်ဖူလုံစေရေး၊ ရေအားလျှပ်စစ်၊ ဆိုလာစနစ်မှစ၍ အဏုမြူစွမ်းအင်သုံး အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအထိ နိုင်ငံတော်မှ စီမံဆောင်ရွက်နေပါကြောင်း၊ လတ်တလော အခြေအနေအရ လျှပ်စစ်ဓာတ်အားမရှိလျှင် ကုန်ထုတ်လုပ်မှုကိုလည်း ဆောင်ရွက်နိုင်မည်မဟုတ်သဖြင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြစ်စေ ဆိုလာစနစ်၊ လေအားလျှပ်စစ်နှင့် ဒီဇယ်သုံးလျှပ်စစ်ဓာတ်အားများကိုလည်း တစ်ပိုင်တစ်နိုင်စီမံဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များကို ဖွဲ့စည်းထားပြီး အေဂျင်စီက လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရန်လိုကြောင်း။

**အဓိကဒေါက်တိုင်အဖြစ် ကြိုးပမ်း**

MSME လုပ်ငန်းများတွင် အသေးစားလုပ်ငန်းများသည် Export ထုတ်ရန်မလိုဘဲ ပြည်တွင်းသုံးစွဲမှုနှင့် အလတ်စား၊ အကြီးစားလုပ်ငန်းများတွင် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို ချိတ်ဆက်ဖြည့်ဆည်းနိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကို ကိန်းဂဏန်း Data အချက်အလက်ပြည့်စုံစွာဖြင့် ဆွေးနွေးအဖြေထုတ်နိုင်ပါက ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၂)နောက်ပိုင်း တိုးတက်မှုကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ၏ ထုတ်ကုန်များကို ပြပွဲပြိုင်ပွဲ တစ်မျိုးတည်းသာ ဆောင်ရွက်ပါက မိမိထုတ်ကုန်

စာမျက်နှာ ၇ သို့

**“ MSME လုပ်ငန်းများ၏ ထုတ်ကုန်များကို ပြပွဲပြိုင်ပွဲတစ်မျိုးတည်းသာ ဆောင်ရွက်ပါက မိမိထုတ်ကုန်Production ပိုင်းသာ ဖော်ပြနိုင်မည်ဖြစ်၍ Trade ပြပွဲနှင့် ပူးတွဲဆောင်ရွက်မှသာ Trade ပြပွဲက မိမိထုတ်ကုန်ကို အရောင်းမြှင့်တင်နိုင်မည့် ဈေးကွက် Promotion ကိုလည်း တစ်ပါတည်းဆောင်ရွက်နိုင်မည်ဖြစ်၍ နောင်တွင် MSME ပြပွဲပြိုင်ပွဲအား Trade ပြပွဲနှင့်ပါ ပူးတွဲကျင်းပခြင်း၊ မိမိတိုင်းဒေသကြီး တစ်ခုတည်းသာမဟုတ်ဘဲ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် MSME အေဂျင်စီများမှတစ်ဆင့် လုပ်ငန်းရှင်များကိုလည်း ပြပွဲပြိုင်ပွဲများသို့ ဖိတ်ခေါ်ဆောင်ရွက်ပါက MSME ၏ တိုးတက်မှုမှာ ထုတ်ကုန်ပိုင်းရော ဈေးကွက်ရရှိမှုပိုင်းမှာပါ ပြည့်စုံစေနိုင်မည်”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ်အတွင်းရှိ OK စည်သွတ်ဘူးနှင့် ခေါက်ဆွဲခြောက်စက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ ရွှေငါး ငါးမုန့်စက်ရုံ၌ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၆ မှ*

Production ပိုင်းသာ ဖော်ပြနိုင်မည်ဖြစ်၍ Trade ပြပွဲနှင့် ပူးတွဲဆောင်ရွက်မှသာ Trade ပြပွဲက မိမိထုတ်ကုန်ကို အရောင်းမြှင့်တင်နိုင်မည့် ဈေးကွက် Promotion ကိုလည်း တစ်ပါတည်း ဆောင်ရွက်နိုင်မည်ဖြစ်၍ နောင်တွင် MSME ပြပွဲပြိုင်ပွဲအား Trade ပြပွဲနှင့်ပါ ပူးတွဲကျင်းပခြင်း၊ မိမိတိုင်းဒေသကြီးတစ်ခုတည်းသာမဟုတ်ဘဲ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် MSME အေဂျင်စီများမှတစ်ဆင့် လုပ်ငန်းရှင်များကိုလည်း ပြပွဲပြိုင်ပွဲများသို့ ဖိတ်ခေါ်ဆောင်ရွက်ပါက MSME ၏ တိုးတက်မှုမှာ ထုတ်ကုန်ပိုင်းရော ဈေးကွက်ရရှိမှုပိုင်းမှာပါ ပြည့်စုံစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ ရန်ကုန်မြို့အား နိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ် သတ်မှတ်ထားပြီးဖြစ်၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကဒေါက်တိုင်အဖြစ် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် တစ်ဦးတစ်ယောက်ဖြင့် ဆောင်ရွက်၍ မရနိုင်သဖြင့် လူတန်းစား အလွှာအသီးသီးအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်အတွင်းရှိ FAME ဆေးဝါးစက်ရုံ၊ OK စည်သွတ်ဘူးနှင့် ခေါက်ဆွဲခြောက်စက်ရုံ၊ ထူးသစ် ငါး/ပုစွန်မွေးမြူရေး အစာတောင့်စက်ရုံ၊ ရွှေငါး ငါးမုန့်စက်ရုံ၊ TOP သီဟိုဠ်စေ့စက်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ရှင်းလင်းပြသ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရွှေဥက္ကံကျေးရွာအုပ်စု၊ စက်မှုဇုန်(၃)ရှိ မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်သည့် FAME တိုင်းရင်းဆေးဝါးစက်ရုံသို့ ရောက်ရှိရာ FAME Pharmaceuticals ၏ Managing Director ဒေါက်တာ ခင်မောင်လွင်က စက်ရုံခန်းမတွင် FAME ဆေးဝါးစက်ရုံမှ ထုတ်လုပ်သော ထုတ်ကုန်များ၊ စက်ရုံအတွင်း ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဆေးဝါးများထုတ်လုပ်နေမှုများ၊ သုတေသနစမ်းသပ်ခန်းများနှင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးစစ်ဆေးဆောင်ရွက်နေမှု စသည်တို့အား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အမှတ်(၁)ရပ်ကွက်၊ စက်မှုဇုန် (၇) ရှိ OK စည်သွတ်ဘူးနှင့် ခေါက်ဆွဲခြောက်စက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် Managing Director ဒေါက်တာ ရဲသူအောင်က စက်ရုံမှ ထုတ်လုပ်သည့် ပစ္စည်းများ ထုတ်လုပ်ပုံအဆင့်ဆင့်အား ရှင်းလင်းတင်ပြသည်။

**ထုတ်လုပ်ပုံအဆင့်ဆင့်တို့အား ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် စက်ရုံအတွင်း ထုတ်လုပ်ပုံအဆင့်ဆင့်တို့အား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရွှေလင်ပန်းစက်မှုဇုန်ရှိ ထူးသစ် အစာတောင့်စက်ရုံသို့ရောက်ရှိရာ Managing Director ဦးဇော်လင်းက စက်ရုံဆိုင်ရာ အချက်အလက်များ၊ စက်ရုံထုတ်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ကုန်ပစ္စည်းများသိုလှောင်ထားရှိမှု ငါး၊ပုစွန် အစာတောင့်များထုတ်လုပ်၊ ထုပ်ပိုးထားရှိမှုများအား လိုက်လံကြည့်ရှုလေ့လာကြသည်။

**TOP သီဟိုဠ်စေ့စက်ရုံသို့ ရောက်ရှိ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ရွှေငါး ငါးမုန့်စက်ရုံနှင့် TOP သီဟိုဠ်စေ့စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမများတွင် စက်ရုံများအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်ရုံလုပ်ငန်းခွင်များအတွင်း စားသောက်ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်၊ ထုပ်ပိုးဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နှစ်သစ်မိတ်ဆုံစားပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်သစ်မိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ အလေးထား ဆောင်ရွက်ခဲ့ကြသည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ လာမည့်နှစ်တွင် စိတ်သစ်လူသစ်ဖြင့် ကျရာအခန်းကဏ္ဍကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ရန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပိုမိုထိရောက် ကောင်းမွန်သော မူဝါဒဆိုင်ရာ ရည်မှန်းချက်များ ရရှိရန် ဌာနအကြီးအကဲများအနေဖြင့် မိမိဌာနတိုးတက်စေရန်နှင့် ဝန်ထမ်းများ အရည်အသွေးမြှင့်တင်စေရန်အတွက် ကြိုးစားရန်လိုအပ်ကြောင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းနီးပွင့်လင်းစွာ ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များသည် ဌာနအသီးသီးရှိ အရာထမ်း၊ အမှုထမ်းများနှင့် နှစ်သစ်မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်တက္ကသိုလ် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

ပြည် ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်တက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပြည်တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ပြည်တက္ကသိုလ် အနုပညာအသင်း ကျောင်းသားကျောင်းသူလေးများက မြကျွန်းညိုညိုသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မောင်မယ် သစ်လွင်များကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်တန်း/စီမံ (ဌာနမှူး) များ၊ ပါမောက္ခ(ဌာနမှူးများ)၊ မော်ကွန်းထိန်းများနှင့် အခမ်းအနားမှူးက မိတ်ဆက်ပေးသည်။ ဆက်လက်၍ သင်တန်းရေးရာဌာနမှူး ဦးထိန်လင်းက သင်တန်းရေးရာ၊ ကျောင်းသားရေးရာနှင့် စာမေးပွဲဆိုင်ရာ သိသင့်သိထိုက်သည်များ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါမောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ပြည်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်တန်း၊ စီမံဌာနမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

“တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်ကလူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရားတစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။”

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)



မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ ဓာတ်ပုံ - သန်းနိုင်ဦး(ငဖဲ)

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး



ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ နာယက ဖြားတန်ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ် စောစတီး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) မှ ဒုတိယဥက္ကဋ္ဌ ကျာဖူးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်း**

ဒုတိယနေ့ဆွေးနွေးပွဲတွင် ပထမနေ့ ဆွေးနွေးပွဲ၌ သဘောတူထားသည့် အစီအစဉ်များအတိုင်း နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် အထွေထွေကိစ္စရပ်များအား ဆွေးနွေးပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။

တတိယနေ့ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ စိုင်းမောင်ထွေး (ခ) ငထွေးသည် ၎င်းအသုံးပြုသည့် “Sai Mg Htwe” Facebook အကောင့်နှင့် ချမ်းအေးသာစံမြို့နယ်နေ ကောင်းဆက်ဝေသည် ၎င်းအသုံးပြုသည့် “Kaung Satt Wai” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွ - ကျောက်ချွန် လမ်းပေါ်ရှိ ဂွချောင်းတံတားဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွ- ကျောက်ချွန်လမ်းပေါ်ရှိ ဂွချောင်း တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြု**

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွ –ကျောက်ချွန်လမ်းပေါ်ရှိဂွချောင်း တံတားကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ သည့်အတွက် ဒေသခံများနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ယခု တံတားသစ်ကြီးအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသည့်အနေဖြင့် ဖွင့်လှစ်ခြင်းဖြစ် ကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက် ရန် အဓိကကျသည့် လိုအပ်ချက်များ ထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ လျင်မြန်ခြင်းသည် အလွန်အရေးကြီး သည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ ကြောင်း။

ထို့ပြင် မြို့ပြဒေသများသာမက ဝေးလံ ခေါင်းပါးသည့် ဒေသများပါမကျန် အချိုး ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ ကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် စီမံကိန်းများ အကောင် အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်သူ့ ဘဏ္ဍာငွေများ သုံးစွဲရာတွင် လေလွင့်မှု မရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရန် အတွက် အရည်အသွေးကောင်းမွန်ရေး တို့ကို တာဝန်ရှိသူများအနေဖြင့် ပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်က တံတားဖွင့်ပွဲအထိမ်း အမှတ် အမှတ်တရလက်ဆောင်အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ထံ ပေးအပ်သည်။

ထို့နောက် ဂွချောင်းတံတားကြီးအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက် ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်ကျော်သန်း၊ ပြည်နယ်သယံဇာတ ရေးရာဝန်ကြီး ဦးသန်းထွန်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်နှင့် ရပ်မိ ရပ်ဖ ဦးခင်မောင်ထွေး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကမ္ပည်းဆိုင်းဘုတ် ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြ သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တံတားပေါ်သို့ လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

ဂွချောင်းတံတားသည် ရောဝတီတိုင်း ဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်း မြို့မှ မြောက်ဘက်ပိုင်း ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်အထိ ငရုတ်ကောင်း – ဆင်မ – ငွေဆောင် – ချောင်းသာ – ရွှေသောင်ယံ – မကျီးဇင် – ကျောက်ချွန်– ဂွ ကမ်းခြေပတ်လမ်း၏ အရေးပါသော တံတားတစ်စင်းလည်းဖြစ်သည်။

အဆိုပါ ဂွချောင်းတံတားသည် စုစုပေါင်းအရှည် ၁၃၉၉ ပေရှိပြီး ယာဉ် သွားလမ်းအကျယ် ၂၄ ပေ နှင့် လူသွား လမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ၊ ၆ လက်မစီ ပါဝင်ကာ ရေလမ်း ကင်းလွတ် အမြင့်ပေ ၂၀ နှင့် ရေလမ်းကင်းလွတ် အကျယ် ၈၅ ပေရှိ၍ တံတားခံနိုင်ဝန် (ခွင့်ပြုယာဉ် တစ်စီးချင်း အလေးချိန်) မှာ ၇၅ တန်ဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဂွချောင်းတံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



တံတားအုတ်မြစ်မှာ ဘိုးပိုင်အမျိုး အစားဖြစ်ပြီး တံတားအပေါ်ထည်သည် P.C Girder ၊ R.C Girder တို့ဖြင့် တည် ဆောက်ထားသော သံကူကွန်ကရစ်အမျိုး အစား တံတားဖြစ်ကာ တံတားခန်းဖွင့် အကျယ် ၂၆ ပေ ၃ လက်မ သုံးခန်း၊ ပေ ၆၀ နှစ်ခန်းနှင့် ပေ ၁၀၀ ၁၂ ခန်း တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်သည်။

ဂွချောင်းတံတားကို ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေ ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၈၉၈၀ အကုန်အကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတား ဦးစီးဌာန၊ တံတားအထူးအဖွဲ့(၈)မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် တည်ဆောက် ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် တံတားတည်ဆောက်ခြင်း လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့် အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရ သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ပိုင်းတွင် ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဂွမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက် ကြသည်။

**ဒေသတည်ငြိမ်အေးချမ်းရေး**

တွေ့ဆုံပွဲတွင် ဂွမြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ကျော်က ဂွမြို့နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ မှုနှင့် မြို့နယ်၏ ဒေသဆိုင်ရာအချက် အလက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ များက မိမိတို့ဌာနအတွက် လိုအပ်ချက် များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ် ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေး၊ ဒေသ တည်ငြိမ် အေးချမ်းရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက် များကိုဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ် ကြီး တင်အောင်စန်းက ရှင်းလင်းတင်ပြ ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဒေသဖွံ့ဖြိုးရေး အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရာ တွင် ဒေသခံပြည်သူများ၏ ကြိုးစား အားထုတ်မှုသည်လည်း အရေးပါကြောင်း၊ ထို့အပြင် ဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ လိုက်နာကျင့်ကြံ နေထိုင်သွားကြ ပြီး မိမိဌာနအလိုက် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေး ထား ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် ဂွမြို့ ရာဇပဗ္ဗတ မင်းတောင် စေတီတော်မြတ် ကြီး သာသနာ့ နယ်မြေပေါ်တွင် ကိန်းဝပ် စံပယ်တော်မူသော မဟာကံထူးကံပေါ် ကပ်ကျော်ရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ပူဇော်၍ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် အခမ်းအနားတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော်  ဒီဇင်ဘာ  ၂၈**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်း မြင့်မားလာစေရန်နှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ပိုက်ကျော်ခြင်း အားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက် ကျင်းပသည်။

အဆိုပါပွဲစဉ်များသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ဂုဏ်ပြုဆု ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ တတိယဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ နှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၈ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့ပြီး ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၇သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၂၈**

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅) နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက် ကျင်းပသည်။

အဆိုပါပွဲစဉ်များသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသော Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ နံနက် ၇ နာရီခွဲတွင် တတိယလုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်း၊မွန်းလွဲ ၃ နာရီတွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဘောလုံး အားကစားဝါသနာရှင်များမည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**





## လယ်ဝေးမြို့နယ်၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် သင်တန်းဖွင့်

**လယ်ဝေး  ဒီဇင်ဘာ  ၂၈**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ယမန်နေ့က လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက် သာသနာ့ဗိမာန်၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားရာတွင် အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်ရေးသည် အလွန်အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ ပထမအဆင့်အနေဖြင့် နိုင်-၄ မှတ်တမ်းများကို နည်းပညာအသုံးပြုပြီး Software အတွင်းထည့်သွင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အိမ်ထောင်စု လူဦးရေစာရင်းများ ထည့်သွင်းခြင်း၊ တတိယအဆင့်အနေဖြင့် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးပြီး ရရှိလာသောစာရင်းများကို အခြေခံကာ မှန်ကန်သည့် မဲစာရင်းကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းအမျိုးအစားအလိုက် စာရင်းကိုပါ ကောက်ယူရမည်ဖြစ်ပြီး စနစ်တကျ စာရင်းကောက်ယူနိုင်ရေးအတွက်လည်း မြေပြင်တွင် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ကို အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ၂၃ ရက်အတွင်း တစ်ချိန်တည်း တစ်ပြိုင်တည်း စာရင်းကောက်ယူရမည်ဖြစ်ပြီး ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက်နှင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွေးတို့က မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၂၅၃ ဦးကို သင်ကြားပို့ချပေးကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းများ၊ E-library, IT Center နှင့် ဆင်သေချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သော်မှော်ကုန်း ခေတ်မီစံပြကျေးရွာ၏ ကွန်ကရစ်လမ်းများ၊ E–library, IT Center ဖွင့်ပွဲအခမ်းအနားနှင့် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်–ဇီးကုန်း–လေသာ–သရက်တောလမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားတို့ကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီနယ်မြေ သော်မှော်ကုန်း ခေတ်မီစံပြကျေးရွာ၏ ကွန်ကရစ်လမ်းများနှင့် E–library, IT Center ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံတော်ဝန်ကြီးချုပ်က **"ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန်၊ ကျေးလက်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိက သမဝါယမလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ရန်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ပေးရန်"** လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါလမ်းညွှန်ချက်နှင့်အညီ မိမိတို့ဝန်ကြီးဌာန အနေဖြင့် မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေး ခိုင်မာအားကောင်းသော အစိမ်းရောင်ဖွံ့ဖြိုးမှုကို အားပေးသည့် **ခေတ်မီစံပြကျေးရွာများ** ထူထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် ကျေးရွာ ၄၃ ရွာအထိ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ သော်မှော်ကုန်း စံပြကျေးရွာအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ကျေးရွာစာကြည့်တိုက်၊ ရေစက်ရုံ Pump အသစ်လဲလှယ်ပေးခြင်း၊ ရေပေးရေးလုပ်ငန်းများ၊ အမြင့်ရေစင်နှင့် အိမ်သွယ်ရေတိုင်စနစ်၊ ကျေးရွာတွင်းလမ်းများ ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ RBF ဖြင့် ကြက်၊ ဝက်၊ နွား မွေးမြူရေးအစုအဖွဲ့ ကိုးဖွဲ့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အကျိုးအမြတ်များ စတင်ခံစားနေပြီဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအပါအဝင် နေ့စဉ်နေထိုင်မှုပုံစံများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တာနက် ချိတ်ဆက်ပေးပြီး E–library, IT Center တစ်ခု တည်ထောင်ပေးနိုင်ခဲ့သဖြင့် ဈေးကွက်သတင်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာအချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေးတို့ကို အထောက်အကူဖြစ်စေပြီး စာအုပ်စာစောင်များ၊ ဆောင်းပါးဂျာနယ်များပါ ဖတ်ရှုလေ့လာနိုင်တော့မည် ဖြစ်ပါကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးတက်ညီလက်ညီ ဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေရှည်အကျိုးခံစားနိုင်အောင်၊ ပျက်စီးဆုံးရှုံးမှုမရှိအောင် ဝိုင်းဝန်းထိမ်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မိမိတို့ကျေးရွာအား ခေတ်မီစံပြကျေးရွာဖြစ်အောင် သက်ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော် တို့က ကျေးရွာကွန်ကရစ်လမ်းသစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသော ဧည့်သည်တော်များအား (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ လမ်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ကြကာ ကွန်ကရစ်လမ်းကို လှည့်လည်ကြည့်ရှုကြသည်။ (ဓါတ်ပုံ)

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး မင်းနောင်နှင့် ကောင်စီအဖွဲ့ဝင် (၂) ဦးဇေယျာလင်းတို့က ကျေးရွာစာကြည့်တိုက်၏ E–library, IT Center တို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး Skylark ကုမ္ပဏီလီမိတက် တာဝန်ရှိသူတစ်ဦးက IT Center တွင် Digital နည်းပညာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်–ဇီးကုန်း–လေသာ–သရက်တောလမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် ဒုတိယဝန်ကြီး ဦးဝင်းဖေတို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆင်သေချောင်းကူးတံတား ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၈

**နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ စိစစ်ခွင့်ပြုပေးနိုင်ရေး၊ ခွင့်ပြုပြီးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး အားပေး ကူညီဆောင်ရွက်ရန်၊ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြီးကြပ်နိုင်ရေးတို့အတွက် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီကို ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများအနေဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေ လိုကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခွင့်ပြုပြီးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်စေရေး၊ ရှိပြီးလုပ်ငန်းများ ထပ်မံတိုးချဲ့ဆောင်ရွက်လာစေရေး၊ ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့် အခက်အခဲများအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခြင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၊ အတွင်းရေးမှူး၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နွယ် က နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့် ရရှိထားသည့် Golden Sun–land Co., Ltd. (ဆန်စပါးကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်း) ၏ လုပ်ငန်းတည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းအတွက် အတည်ပြုမိန့် ပြင်ဆင်ထုတ်ပေးနိုင်ရေးနှင့် WE UNITY LTD ၏အခြေခံပညာရေး ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ သဘောထားမှတ်ချက်ပြန်ကြားနိုင်ရေး ကိစ္စရပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသည့် Golden Sunland Co., Ltd. (ဆန်စပါး ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်း) နှင့် Join Global Myanmar Co., Ltd. (ကြက်ဥ၊ မျိုးကြက်ခြံနှင့် ကြက်သားပေါက်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း) တို့၏ လုပ်ငန်းမြေနေရာ အခြားနည်းအသုံးပြုခွင့် ရရှိနိုင်ရေး တင်ပြလာခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၉၈)ကို ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၃၀ နှင့် ၃၁ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များအပေါ် ရှင်းလင်းဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂၈

**ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာလုပ်ငန်း လမ်းညွှန်ချက်အပေါ် ရှင်းလင်းဆွေးနွေးသည့်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုး သက်ရောက်မှုများနှင့် ဆက်စပ် သက်ရောက်မှုများကို ဘက်စုံထောင့်စုံ စနစ်တကျ ဆန်းစစ်ဖော်ထုတ်၍ ဆိုးကျိုးများ ရှောင်ရှားနိုင်ရန်နှင့် လျှော့ချနိုင်ရန် ဆောင်ရွက်ရမည့် ပြည့်စုံသော လုပ်ငန်းအစီအစဉ်များ ရေးဆွဲပြုစုရာတွင် တတိယပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာများ မှန်ကန်မြန်ဆန်စွာ စိစစ်သုံးသပ်နိုင်ရေးအတွက် "ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်း လမ်းညွှန်ချက်" ပြုစုထုတ်ပြန်ရန် လိုအပ်လျက်ရှိကြောင်း၊ "ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်" ကို ဆက်စပ်ပုဂ္ဂိုလ်/ အဖွဲ့အစည်းများနှင့် ဆွေးနွေး၍ အပြီးသတ်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း။

အစီရင်ခံစာများ ရေးသားပြုစုတင်ပြသည့်အခါ အထောက်အကူပြုစေရန် ရည်ရွယ်၍ လမ်းညွှန်ချက်ကို ရှင်းလင်းချပြရခြင်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက် ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန ညွှန်ကြားရေးမှူးတို့က စိစစ်သုံးသပ်ခြင်းဆိုင်ရာလမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးကြပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ရေးအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ ရေးသားပြုစုသည့် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက စိစစ်သုံးသပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံနှင့် ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (၇၅) နှစ်မြောက် စိန်ရတု အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်နေမှုများ၊ နည်းပညာလွှဲပြောင်းခြင်းများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ပံ့ပိုးပေးနိုင်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်အတွက် စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ အသိအမှတ်ပြုခြင်း၊ တိကျစွာတိုင်းတာခြင်းနည်းပညာ၊ အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း စသည့်လုပ်ငန်းများကို သုတေသီများ၊ ပညာရှင်များက စဉ်ဆက်မပြတ် လက်ဆင့်ကမ်းကြိုးပမ်းဆောင်ရွက်လာခဲ့ပါကြောင်း၊ ယခုအခါတွင် ဦးစီးဌာနအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော သုတေသနလုပ်ငန်းများနှင့် နည်းပညာဝန်ဆောင်မှုများပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်မှာ စိန်ရတုအထိမ်းအမှတ် (၇၅) နှစ် ပြည့်ခဲ့ပြီဖြစ်ပါကြောင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်း အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများကို အားပေးချီးမြှင့်ခြင်းအနေဖြင့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ စိန်ရတုအထိမ်းအမှတ် အခမ်းအနားတွင် ဒေသတွင်းနှင့် နိုင်ငံတကာ စွန့်ဦးတီထွင်မှုပြိုင်ပွဲများတွင် ဆုများရရှိခဲ့သော ပြည်တွင်း MSME လုပ်ငန်းရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ ချီးမြှင့်ကြသည်။ ထို့ပြင် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ကြိုဆိုသောအားဖြင့် ပြည်တွင်း MSME လုပ်ငန်းရှင်များ တောင်းဆိုထားသော နည်းပညာများလွှဲပြောင်းခြင်းနှင့် နည်းပညာဖြန့်ဝေခြင်းတို့ကို ဒီဇင်ဘာ ၂၉ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသည် ၁၉၄၇ ခုနှစ်တွင် နိုင်ငံတော် စက်မှုလက်မှုသုတေသနအဖွဲ့အမည်ဖြင့် အစပြုခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့၊ ၁၉၇၃ ခုနှစ်တွင် ဗဟိုသုတေသန လုပ်ငန်းအဖွဲ့၊ ၁၉၉၄ ခုနှစ်တွင် မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန၊ ၂၀၁၅ ခုနှစ်တွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန စသည်ဖြင့် ခေတ်နှင့်အညီ အမည်အမျိုးမျိုးပြောင်း၍ နိုင်ငံတော်မှ ချမှတ်ထားသော သုတေသနနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်လျက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်း၊ မြန်မာစံချိန်စံညွှန်းချမှတ်ခြင်းများ ပြုလုပ်လာခဲ့ရာ ၂၀၂၂ ခုနှစ်တွင် (၇၅) နှစ်တိုင် ခရီးကို ရောက်ရှိလာခဲ့ပြီးဖြစ်သည်။ အဆိုပါ စိန်ရတုအထိမ်းအမှတ် အခမ်းအနားတွင် ဒေသတွင်းနှင့် နိုင်ငံတကာ စွန့်ဦးတီထွင်မှုပြိုင်ပွဲများတွင် ဆုများ ရရှိခဲ့သော ပြည်တွင်း MSME လုပ်ငန်းရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆုများချီးမြှင့်ခဲ့ကြသည်။ စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ကြိုဆိုသောအားဖြင့် ပြည်တွင်း MSME လုပ်ငန်းရှင်များတောင်းဆိုထားသော နည်းပညာများ လွှဲပြောင်းခြင်းနှင့် နည်းပညာဖြန့်ဝေခြင်းတို့ကိုလည်း ဒီဇင်ဘာ ၂၉ ရက်တွင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံဖူဆယ် (အမျိုးသား) ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ကျင်းပသည်။

ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး၊ နှစ်ဂိုး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**အားကာမောင်**

# အိမ်မဲမြို့နယ် မြို့နယ်အဆင့်မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်

**အိမ်မဲ ဒီဇင်ဘာ ၂၈**



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီတွင် အ.ထ.က (၁) နှင့် အ.ထ.က (၂) တို့တွင် ဖွင့်လှစ်သင်ကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး အောင်သွင်စိုးတို့က အမှာစကားပြောကြားရာတွင် ယခုသင်တန်း တက်ရောက်သူများအနေဖြင့် စာရင်းကောက်ယူခြင်း လုပ်ငန်းများကို အသေးစိတ် နားလည်သဘောပေါက်အောင်သင်ယူပြီး နိုင်ငံတော်၏ အရေးကြီးသည့် လုပ်ငန်းစဉ် ပြီးမြောက်အောင်မြင်စေရန် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။ ယင်းသင်တန်းကို အိမ်မဲမြို့နယ်အတွင်း နေရာ ခုနစ်ခုတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းနည်းပြ ခုနစ်ဦးနှင့် မြို့နယ် လ.ဝ.က ရုံးအဖွဲ့တို့မှ သင်တန်းသားသင်တန်းသူ ၃၄၈ ဦး သင်ကြားသွားမည်ဖြစ်သည်။

**ဌေးဌေးလှိုင်(ပြန်/ဆက်)**

# လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများအကြား သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြမည်



**နေပြည်တော် ဒီဇင်ဘာ ၂၈**

“ဘဏ္ဍာရေးဆိုင်ရာမီဒီယာ အပြန်အလှန်ချိတ်ဆက်မှုနှင့် ဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ခြင်း” "Financial Media Interconnection and Innovation Cooperation" ခေါင်းစဉ်ဖြင့် The Joint Media Conference of the Lancang–Mekong Countries ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက တရုတ်နိုင်ငံ Guangzi Radio and Television မှ စီစဉ်ကျင်းပခဲ့ရာ MRTV နှင့် Sky Net TV တို့မှ တာဝန်ရှိသူများ Online ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ၂၀၂၂ ခုနှစ်၌ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ခြောက်နှစ်တာကာလအတွင်း လန်ချန်း–မဲခေါင် အဖွဲ့ဝင်နိုင်ငံများအကြား ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ရကြောင်း၊ နိုင်ငံများအကြား သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းထုတ်လွှင့်မှုများ၊ အစီအစဉ်ထုတ်လွှင့်မှုများ၊ ဇာတ်လမ်းထုတ်လွှင့်မှုများ စသည်တို့တွင် အတူပူးပေါင်းဆောင်ရွက်ခဲ့သည့် အပြင် အနာဂတ်ကာလတွင်လည်း အခက်အခဲများကို အတူကျော်ဖြတ်ပူးပေါင်း၍ သတင်းအချက်အလက်များမျှဝေကာ ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ Lancang–Mekong ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသအတွင်း ပိုမိုကောင်းမွန်သော လူမှုအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်ကာ အနာဂတ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများကို အတူရင်ဆိုင်ပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ တီထွင်ဖန်တီးမှုများ၊ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ထို့နောက် တစ်နိုင်ငံချင်းစီက မိမိတို့နိုင်ငံတွင် ထုတ်လွှင့်နေသည့် သတင်းဌာနများအလိုက် ထုတ်လွှင့်တင်ဆက်မှုများတွင် တိုးတက်လာမှုများ၊ ခေတ်နှင့်အညီ ပြောင်းလဲတင်ဆက်မှုများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

၂၀၂၂ ခုနှစ်သည် Lancang–Mekong ပူးပေါင်းဆောင်ရွက်မှု (LMC) စတင်သည့် ခြောက်နှစ်ပြည့် မြောက်သည့်နှစ်ဖြစ်ပြီး Lancang–Mekong ပူးပေါင်းဆောင်ရွက်မှုကို ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို မြှင့်တင်မှုဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းလာစေရန်နှင့် ရေရှည်တည်တံ့သော၊ အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ခြောက်နှစ်တာကာလအတွင်း မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကဏ္ဍများစွာ၌ သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအားညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့် စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင် ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံ တပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆိုကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြ ဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေရှိ လိပ်သိုမြို့၊ ကျောက်ကြီးမြို့၊ သံဘိုမြို့နှင့် မုန်းမြို့တို့ရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့်ဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက် ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့်အတူတကွ ပါဝင်သီဆိုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် မိသားစုဝင်များက လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ညှော်ခံ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ (၂၀-၁၂-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၃၁-၁၀-၂၀၂၂) နေ့မှ (၂-၁၂-၂၀၂၂) နေ့ထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦးနှင့် အထွေထွေ ၁၅ ဦး ပေါင်း ၁၇ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၂၃၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၃၂၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

❑ *ကျော်ဖုံးမှ*

နော်တင်ဟမ်အသင်း ၏ ရုံဖန်ရုံခါ ထိုးဖောက်တိုက်စစ်ဆင်မှုက မန်ယူအသင်းကို အခက်တွေ့စေခဲ့သော်လည်း ခံစစ်နှင့် ဂိုးသမား ဒီဂီယာတို့အကောင်းဆုံး လက်စွမ်းပြ ကာကွယ်ထားနိုင်မှုကြောင့် သွင်းဂိုးရယူနိုင်ခြင်း မရှိခဲ့ချေ။

ပရိသတ် ခုနစ်သောင်းသုံးထောင်ကျော် လာရောက်ကြည့်ရှုခဲ့သည့် အဆိုပါပွဲစဉ်တွင် မန်ယူ တိုက်စစ်ကစားသမား ရုပ်ဖို့ဒ် ခြေစွမ်းပြသနိုင်ခဲ့ပြီး တစ်ဂိုးသွင်းကာ တစ်ဂိုး ဖန်တီးပေးနိုင်ခဲ့သည်။ အဖွင့်ဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ရရှိခဲ့ပြီး အဲရစ်ဆင်၏ ဖန်တီးမှုကို ရုပ်ဖို့ဒ်က သွင်းယူရရှိခဲ့သည်။ အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် ရရှိခဲ့ပြီး ရုပ်ဖို့ဒ်၏ ဖန်တီးမှုမှ မာရှယ်က သွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုးများ ခွင့်ပြုပေးလိုက်ရပြီးနောက် နော်တင်ဟမ်အသင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် မိနစ် ၄၀ တွင် သွင်းယူခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် နော်တင်ဟမ်အသင်း ချေပဂိုးများ ရရှိရေး လူစားအပြောင်းအလဲများပြုလုပ်လာသော်လည်း မန်ယူအသင်း၏ ဖိအားပေးကစားဟန်အောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး သွင်းဂိုးများနှင့် ဝေးကွာခဲ့ရသည်။

မန်ယူအသင်း အတွက် တတိယဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် လူစားဝင်ကစားသမား ဖရက်က သွင်းယူခဲ့သည်။ ယခုအနိုင်ပွဲကြောင့် မန်ယူအသင်းက ၁၅ ပွဲ ကစားပြီး ရမှတ် ၂၉ မှတ် ရရှိကာ ပြိုင်ဘက် နော်တင်ဟမ်က ၁၆ ပွဲကစားပြီး ၁၃ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။ အစောပိုင်းယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးနှင့် ဘုန်းမောက်အသင်းတို့ပွဲစဉ်တွင် ချယ်ဆီးအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်းရှိ

(၂၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၀၃,၉၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၂၇၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၇-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၄၂,၇၀၇) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၉၇,၃၈၆) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၇-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၄၂,၇၀၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၉၇,၃၈၆ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၃) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၀ | ၂၀၈၀ | ၂၀၇၀ | ၂၀၄၀ | ၂၀၇၅ | ၂၁၀၀ | ၂၀၈၅ | ၂၀၆၅ | ၂၁၅၅ | ၂၁၇၀ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၃၅ | ၂၇၆၀ |
| 95 Ron | ၂၁၀၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၀၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၄၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၁၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၂၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၇၉၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၂၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၇၉၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၂ | ၂၀၀၅ |
| 95 Ron | ၂၀၀၂ | ၂၀၇၆ |
| HSD (500 ppm) | ၂၃၀၁ | ၂၃၇၆ |
| HSD (50 ppm) | ၂၃၇၄ | ၂၄၅၁ |
| HSD (10 ppm) | ၂၃၇၄ | ၂၄၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပွဲတော်တွေ ပြုလုပ်ပေးခြင်းအားဖြင့် ကျောင်းသားလူငယ်တွေအတွက် ဗဟုသုတတွေလည်း ရပါတယ်

မခင်ရတနာသက်

■ *တွေ့ဆုံမေးမြန်း-ဟိန်းမင်းစိုး၊ သန်းမင်းအောင်၊ ဓာတ်ပုံ- လုလင်ငယ်*


မရှင်းသန့်ဖြူ


မောင်ရဲထက်အောင်


မကြယ်ဇင်သန့်


မောင်ထက်ပိုင်လင်း


မကြယ်စင်စိုးသန့်


မခင်ရတနာသက်

လူငယ်နှင့် စာပေအနုပညာပြပွဲ တတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ဆက်လက် ကျင်းပလျက်ရှိသည်။

အဆိုပါပြပွဲတွင် အသိပညာ ဗဟုသုတရဖွယ် ပြခန်းပေါင်း ၆၂ ခန်း ပါဝင်ပြသထားပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို သိရှိနိုင်စေမည့် ရုပ်ရှင်ဇာတ်ကားကောင်းများကိုလည်း ထည့်သွင်းပြသလျက်ရှိရာ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြသည့် နေပြည်တော် ကောင်စီ နယ်မြေအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြခန်းတာဝန်ရှိများနှင့် တွေ့ဆုံ၍ ရင်တွင်းစကားသံများကို အများပြည်သူသိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။

**ဦးဆန်းမြင့်**
**(ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်ရဲ့ ရည်ရွယ်ချက်လေးချက်အနက်မှ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ ပတ်သက်တဲ့ သမိုင်းဝင်အထောက်အထားတွေကို သိရှိနိုင်ဖို့ ရည်ရွယ်ပြီး ပြသထားပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ပြခန်း ၁၀ ခန်း ခင်းကျင်းပြသထားပါတယ်။ ယခု ခင်းကျင်းပြသထားတဲ့ မှတ်တမ်းတွေဟာဆိုရင် ၁၉၄၈ ခုနှစ်က စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အမျိုးသားမှတ်တမ်းများနှင့် မော်ကွန်းတိုက်ဦးစီးဌာနကနေ အထောက်အထားတွေကို ရယူစုဆောင်းပြီး သိမ်းဆည်းထားတာဖြစ်ပါတယ်။ ယခု ပြသထားတာကတော့ ပုံပွားမိတ္တူတွေဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့ ပတ်သက်တဲ့ အထောက်အထားတွေရဲ့ မူရင်းစာချုပ် စာတမ်းအထောက်အထားတွေကိုတော့ အမျိုးသား မှတ်တမ်းများနှင့် မော်ကွန်းတိုက် ဦးစီးဌာနမှာ ထာဝစဉ်မပျောက်ပျက်ဖို့အတွက် ထိန်းသိမ်းထားပါတယ်။ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ လုပ်ငန်းတွေထဲမှာ ပါဝင်တဲ့ လုပ်ငန်းသုံးခုကိုလည်း လူငယ်တွေ၊ မိဘပြည်သူတွေ သိရှိဖို့အတွက် ပြသထားပါတယ်။ ပထမကတော့ မြန်မာ့အာမခံလုပ်ငန်း ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတွေ၊ ကျောင်းသားလူငယ်တွေနဲ့ မိဘပြည်သူတွေကို အခွန်ရဲ့ ယဉ်ကျေးမှုကို အခွန်အသိပညာပေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ၊ မြန်မာနိုင်ငံ အကောက်ခွန်ဌာနက လက်ရှိဆောင်ရွက်နေတဲ့ MACCS စနစ်နဲ့ ပတ်သက်လို့ အကောက်အခွန်ဦးစီးဌာနကနေ ရှင်းလင်းတင်ပြတာတွေ ဖြစ်ပါတယ်။

**မောင်ရဲထက်အောင်**

ပြပွဲလာတဲ့ ကျောင်းသားလူငယ်တွေ ပိုပြီးတော့ စိတ်ဝင်စားမှုရှိစေမယ့် မြန်မာနိုင်ငံ သမိုင်းကြောင်းနဲ့ပတ်သက်တဲ့ လွတ်လပ်ရေးနေ့ ဉာဏ်စမ်းကိုလည်း ထည့်သွင်း ထားရှိထားပါတယ်။ မြန်မာနိုင်ငံမှာ ဖွင့်လှစ်တဲ့ အောင်ဘာလေထီနဲ့ ပတ်သက်တဲ့ သရုပ်ပြကွက်ကိုလည်း ပြခန်းမှာ ထည့်သွင်း ပြသထားပါတယ်။ ပြပွဲ လာရောက်လေ့လာကြတဲ့ ကျောင်းသားလူငယ်တွေ၊ မိဘပြည်သူတွေ၊ ဝန်ထမ်းတွေ လာရောက်ကြည့်ရှုခြင်းအားဖြင့် စာပေတွေကနေတစ်ဆင့် နိုင်ငံတော်က လွတ်လပ်ရေးနေ့နဲ့ ပတ်သက်တဲ့ အထောက်အထားတွေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်ရဲ့ လွတ်လပ်ရေးကို ရရှိရေးအတွက် ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာ သိရှိကြမှာဖြစ်တယ်။ လွတ်လပ်ရေးဟာ နိုင်ငံတစ်နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါး ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေကို ကြည့်ရှုခြင်းအားဖြင့် လူငယ်တွေအနေနဲ့ နိုင်ငံကို ချစ်မြတ်နိုးတဲ့ စိတ်တွေ၊ မျိုးချစ်စိတ်တွေ ပိုပြီးရှိလာမှာ ဖြစ်ပါတယ်။ အခုလိုပြပွဲတွေကို လာမယ့်နှစ်တွေမှာ စဉ်ဆက်မပြတ် ကျင်းပသွားနိုင်မယ်ဆိုရင်တော့ လူငယ်တွေအနေနဲ့ အသိပညာဗဟုသုတွေကို ရရှိနိုင်မှာဖြစ်တဲ့အပြင် ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းတွေကို ပိုမိုသိမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာလည်း တတ်နိုင်တဲ့ဘက်ကနေ ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် နှစ်စဉ်ကျင်းပပေးသင့်ပါတယ်။

**ဒေါ်ခင်မို့မို့အောင်**
**(အထက်တန်းပြ၊ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

အခုလိုပြပွဲကျင်းပပြီးကလေးတွေကို စာပေတွေ လေ့လာဖို့အတွက် ခင်းကျင်းပြသပေးထားတာ အလွန်ကို ကောင်းပါတယ်။ ဖုန်းတွေနဲ့ အချိန်ကုန်နေတဲ့ ကလေးတွေကို စာပေတွေဖတ်ချင်လာအောင် လှုံ့ဆော်ပေးတဲ့အနေအထားတစ်ရပ်ဖြစ်တဲ့ အတွက်လည်း ကျေနပ်မိပါတယ်။ ပြပွဲမှာ ဝန်ကြီးဌာနတွေက ပြခန်းတွေ ခင်းကျင်း ပြသထားတဲ့အထဲမှာ ကျောင်းသား ကျောင်းသူတွေအတွက် သိပ္ပံနှင့် နည်းပညာ၊ အနုပညာပြခန်းတွေ အများကြီးတွေ့ရတာကြောင့် သူတို့အတွက် ဗဟုသုတတွေ ရရှိမယ်လို့ ခံစားမိပါတယ်။ ဝန်ကြီးဌာနပေါင်းစုံ ပါဝင်တဲ့အတွက် ဝန်ကြီးဌာနတွေရဲ့ လုပ်ဆောင်မှုတွေကို ကလေးတွေ လေ့လာရတဲ့အတွက်ကြောင့် ပိုပြီးတော့ ကောင်းတယ်လို့ မြင်မိပါတယ်။ အခုလို ပြပွဲတွေ ကျင်းပပေးတဲ့အတွက် လူငယ်တွေရဲ့ စိတ်ထဲမှာရှိတဲ့ ရည်မှန်းချက်ဆီကို ရောက်အောင် တွန်းပို့ပေးနိုင်မယ်လို့ မြင်မိပါတယ်။ နှစ်စဉ်နှစ်တိုင်း နေ့ထူးနေ့မြတ်တွေမှာ အခုလိုပြပွဲတွေကို ကျင်းပပေးစေချင်ပါတယ်။

**မောင်ခန့်ထူးအောင်**
**(ကျောင်းသား၊ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

ကျွန်တော်တို့ ကျောင်းအနေနဲ့ ဒီနေ့ ဖျော်ဖြေရေးအစီအစဉ်မှာ ပြည်မြန်မာသီချင်းနဲ့ ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ အခုလိုပြပွဲမှာ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ အခု လေ့လာခဲ့တာကတော့ သိပ္ပံနှင့် နည်းပညာပြခန်းရဲ့ လက်တွေ့လုပ်ဆောင်ရတဲ့ အပိုင်းတွေ၊ ဓာတုဗေဒနဲ့ ပတ်သက်တဲ့ အပိုင်းတွေကို လေ့လာခဲ့ရတဲ့အတွက် အသိဗဟုသုတတွေ၊ အတွေ့အကြုံကောင်းတွေ ရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ သိပ္ပံနဲ့ နည်းပညာပြခန်းမှာဆိုရင် ကျောင်းမှာ သင်နေရတဲ့ သင်ခန်းစာတွေနဲ့ ပတ်သက်တဲ့ပစ္စည်းတွေကို အပြင်မှာ မျက်မြင်တွေ့ရတဲ့အခါ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်။

**မောင်ထက်ပိုင်လင်း**

အခုလို မြင်ရတော့ စာတွေ့နဲ့ လက်တွေ့ ဘယ်လိုကွာခြားတယ်၊ ဘယ်လိုအချက်တွေကို ကိုယ်က ထပ်ပြီး ဖြည့်ဆည်းရမယ်ဆိုတာ သိရှိသွားတယ်။ ပွဲတော်ကို လာရောက်တဲ့အခါမှာ နေပြည်တော်အတွင်းမှာရှိတဲ့ ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူတွေအားလုံး တစ်စုတစ်စည်းတည်း တွေ့ရတော့ ပိုပြီးပျော်စရာကောင်းပါတယ်။

**မောင်မင်းသန့်ထင်**
**(ကျောင်းသား၊ Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်း)**

ပြပွဲမှာ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့ အကြောင်းအရာတွေ၊ မိုင်းရှင်းလင်းရေး အကြောင်းအရာတွေကို လေ့လာခဲ့ပါတယ်။ ဒီပြခန်းကို လေ့လာခြင်းအားဖြင့် ဒီတပ်ဖွဲ့တွေဟာ မြန်မာနိုင်ငံကို ကာကွယ်ပေးနေတဲ့ အဖွဲ့တွေဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံကို စောင့်ရှောက်ချင်တဲ့ စိတ်တွေဖြစ်ပေါ်ပါတယ်။ စာပေတွေကို လေ့လာကြည့်ရှုတဲ့အခါမှာလည်း ကိုယ့်မြန်မာနိုင်ငံ သမိုင်းကို သိခွင့်ရပြီး ကိုယ်ဝါသနာပါတဲ့ အလုပ်တွေကို ပိုလုပ်နိုင်မယ်လို့ ထင်ပါတယ်။ အခုလိုပွဲတော်တွေ ကျင်းပပေးတဲ့အတွက် စာစီစာကုံးရေးဖို့နဲ့ အင်္ဂလိပ်စကားပြောတဲ့အခါမှာ အထောက်အကူဖြစ်မယ်လို့ ထင်မိပါတယ်။ ပွဲတော်ကို လာရောက်လေ့လာရတာ ပျော်စရာကောင်းသလို စာပေကဏ္ဍအတွက်လည်း သက်ရောက်မှုရှိပါတယ်။ ကျွန်တော်တို့ အနာဂတ်အတွက် အသိပညာဗဟုသုတတွေများစွာရရှိနိုင်တဲ့ ဒီပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်။

**မဝင်းလဲ့ရွှေရည် (ကျောင်းသူ၊ ALPHA ကိုယ်ပိုင်အထက်တန်းကျောင်း)**

ကျွန်မတို့ကျောင်းက သူငယ်ချင်းတွေနဲ့အတူ ပြပွဲကိုလာရောက်လေ့လာတာပါ။ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်အကြောင်းတွေ၊ စာအုပ်ဆိုင်ကစာအုပ်တွေ၊ ရောဝတီဒေသထွက် အစားအစာနဲ့ ပုသိမ်ထီး အကြောင်းတွေကို လေ့လာခဲ့ပါတယ်။ ပြခန်းတွေထဲက မြန်မာနိုင်ငံရဲ့ သမိုင်းဝင်အကြောင်းဖြစ်တဲ့ ပုဂံခေတ်က ရေးသားခဲ့တဲ့ ကျောက်စာတွေကို စိတ်ဝင်စားပါတယ်။ အခုလိုပြပွဲတွေ ကျင်းပပေးတဲ့အတွက် လူငယ်တွေအတွက် အသိပညာဗဟုသုတတွေ ရရှိတဲ့အပြင် ဘိုးဘွားအစဉ်အဆက်က ဓလေ့ထုံးတမ်း အစဉ်အလာတွေကိုလည်း လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။

**မကြယ်စင်စိုးသန့်**

ကျောင်းသင်ခန်းစာတွေနဲ့ စာတွေ့ပဲတွေ့ရပြီး အခုကအပြင်မှာ လက်တွေ့ တွေ့ရတယ်။ သမိုင်းကြောင်းက စာအုပ်ထဲမှာဆိုရင် ပုံတွေပဲပါပြီး ပြပွဲက အပြင်မှာ ခင်းကျင်း ပြသထားတဲ့အတွက် ပိုပြီးတော့ အားရပါးရလေ့လာခွင့်ရပါတယ်။ ပြပွဲကို လာရတဲ့အတွက် ပျော်စရာကောင်းသလို အခြားကျောင်းတွေက သူငယ်ချင်းတွေနဲ့လည်း တွေ့ခွင့်ရတဲ့အတွက် ပျော်ပါတယ်။ ပြပွဲကို လာရောက်လေ့လာ ကြည့်ရှုတဲ့အခါမှာ အသိပညာ ဗဟုသုတတွေရတဲ့အတွက် သူငယ်ချင်းတွေကိုလည်း လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**မဖြူဇင်ခိုင် (ကျောင်းသူ၊ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

ဝန်ကြီးဌာနတွေက ပြခန်းတွေကို လေ့လာကြည့်ရှုတဲ့အခါမှာ သစ်တောဦးစီးဌာန ပြခန်းကို နှစ်သက်မိပါတယ်။ သစ်ပင်တွေကို ဘယ်လိုစိုက်ပျိုးပြီးတော့ ဘယ်လို ထိန်းသိမ်းရမယ်ဆိုတာကို အသိပညာပေးတဲ့အတွက် ကြိုက်နှစ်သက်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို လေ့လာခြင်းအားဖြင့် ကမ္ဘာကြီးကို ထိန်းသိမ်းရမယ့် အရာတွေကိုလည်း သိခွင့်ရခဲ့ပါတယ်။ ပြခန်းတွေကတစ်ဆင့် အသိပညာ ဗဟုသုတွေရရှိစေနိုင်သလို နည်းပညာနဲ့ ပတ်သက်တဲ့ ပြခန်းတွေကလည်း အတတ်ပညာကို ဘယ်လိုလေ့လာအားထုတ်ရတယ် ဆိုတာကို မျက်မြင်ကိုယ်တွေ့ သိရှိရပါတယ်။

**မရှင်းသန့်ဖြူ(ကျောင်းသူ၊ အမှတ်-၉၊ အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

ပညာရေး ပြခန်းကတော့ အရင်နှစ်ကထက် ပိုပြီးတော့ ပစ္စည်းတွေ စုံလာပါတယ်။ ဝန်ကြီးဌာနတွေက ပြခန်းတွေ စုံလာတဲ့အတွက် ပိုကောင်းလာပါတယ်။ စက်ရုပ်ပြခန်းဆိုရင် သူတို့တီထွင်ထားတာကို ပြသတဲ့အတွက် အားကျစရာ ကောင်းပါတယ်။ ပြခန်းတွေလုပ်တာ လူငယ်တွေအတွက်တော့ လေ့လာစရာများတယ်။ သမီးတို့အတွက် ပိုပြီးတော့ ဗဟုသုတလည်း ရစေပါတယ်။ အသိပညာတွေလည်း တိုးပွားစေတယ်။ ဒါကြောင့် အခုလို ပြပွဲတွေကို များများလုပ်ပေးဖို့ မျှော်လင့်ပါတယ်။

**မခင်ရတနာသက် (ကျောင်းသူ၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း )**

လူမှုပတ်ဝန်းကျင်ကို တိုးတက်စေမယ့် သိပ္ပံပညာတွေ၊ သမိုင်းရဲ့ ဝတ်စားဆင်ယင်နေထိုင်မှုပုံစံတွေကို လေ့လာခဲ့ပါတယ်။ ပွဲတော်တွေ ပြုလုပ်ပေးခြင်းအားဖြင့် ကျောင်းသားလူငယ်တွေအတွက် ဗဟုသုတတွေလည်း ရပါတယ်။ သိပ္ပံနဲ့ နည်းပညာပြခန်းမှာဆိုရင် ကျောင်းမှာသင်နေရတဲ့ သင်ခန်းစာတွေနဲ့ ပတ်သက်တဲ့ပစ္စည်းတွေကို အပြင်မှာ မျက်မြင်တွေ့ရတဲ့အခါ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကျောင်းသင်ခန်းစာတွေမှာလည်း အထောက်အကူပြုသလို လူမှုပတ်ဝန်းကျင်အတွက်လည်း

*စာမျက်နှာ ၁၈ သို့*

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ တတိယနေ့ဓာတ်ပုံမြင်ကွင်း

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၈ ရက်က (တတိယနေ့အဖြစ်) နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပလျက်ရှိရာ ပြခန်းများသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်ပါဝင်ဆင်နွှဲသည့် ဓာတ်ပုံမြင်ကွင်းကို ဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့







(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်ပါဝင်ဆင်နွှဲသည်ကို တွေ့ရစဉ်။










(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေး နေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ကျောင်းသား ကျောင်းသူများ သီဆိုကပြဖျော်ဖြေမှုကို ပြပွဲလာပြည်သူများ ကြည့်ရှုအားပေးစဉ်။






အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သော ကြီးမြတ်သောမြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး ပြသနေမှုကို ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များနှင့်ပြည်သူများ လာရောက်ကြည့်ရှုစဉ်။

















(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်ပါဝင်ဆင်နွှဲသည်ကို တွေ့ရစဉ်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ တတိယနေ့ဆက်လက်ကျင်းပ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက် ပါဝင်ဆင်နွှဲ




**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ တတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

ပြပွဲတတိယနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ ရေကြောင်း၊ လေကြောင်း၊ မြန်မာ့မီးရထားနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးပြခန်း၊ သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှု ပြခန်းများ၊ ကိုဗစ် -၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးနှင့် ဆေးလိပ်/ ဆေးရွက်ကြီးနှင့် ကွမ်းစားခြင်း အန္တရာယ် အသိပညာပေးပြခန်းတို့ကို စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် သမိုင်းတန်ဖိုးများကို သိရှိနားလည်စေရန်အတွက် လွတ်လပ်သော မြန်မာနိုင်ငံ၏ နိုင်ငံတော်အလံလွှင့်တင်ခြင်း အခမ်းအနားမှတ်တမ်းမှတ်ရာ၊ လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေး အသိအမှတ်ပြုစာတမ်း၊ လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် မြန်မာနိုင်ငံတော်အလံများ၊ ၁၉၄၈ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံစာချုပ်၊ နု-အက်တလီစာချုပ်နှင့် အခြားသမိုင်းရေးရာ တန်ဖိုးရှိသော မှတ်တမ်းများ၊ မော်ကွန်းများ၊ ကျောက်စာများပြခန်းနှင့် အမျိုးသားစာကြည့်တိုက် ပြခန်းတို့ကို ခင်းကျင်းပြသထားရာ ကျောင်းသားကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာ လေ့လာကြကာ သမိုင်းတန်ဖိုးကိုသိမြင်ကြပြီး ထိန်းသိမ်းလိုစိတ်ရှိကြသည့် မြင်ကွင်းကိုလည်း တွေ့ရသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ စာအုပ်အရောင်းဆိုင်များတွင်လည်း စာအုပ်စာပေဖတ်ရှုရန် စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ၊ စာပေချစ်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု စာရေးဆရာများ၏ ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသထားလျက်ရှိရာ ဓာတ်ပုံချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားများကို လေးစားအတုယူ အားကျလိုစိတ်နှင့် ကြိုးစားလိုစိတ်များ ဖြစ်ပေါ်လာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံ့အကျိုးသယ်ပိုးထမ်းဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်စေရန်ရည်ရွယ်၍ အရှေ့တောင်အာရှ၊ အာရှနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများ၏ ရုပ်တုများနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများကို စုံစုံလင်လင် ခင်းကျင်းပြသထားမှုအပေါ် လူငယ်များ အထူးအလေးထားလေ့လာကြရာ နိုင်ငံအတွက် အားတစ်ခုပင်ဖြစ်သည်။

ပညာရေး ဝန်ကြီးဌာနအနေဖြင့် ရွှေ့လျားသိပ္ပံနှင့် နည်းပညာပြခန်းကို ခင်းကျင်းပြသထားရာ ပြခန်းရှိ အမိုနီးယားရေပန်းသဏ္ဌာန်ပြကွက်၊ လူသားပုံစံတူ စက်ရုပ်များ စွမ်းရည်ပြကွက်နှင့် Grade 11 ရူပဗေဒဘာသာရပ် သင်ကြားအထောက်အကူပြု လျှပ်စစ်သံလိုက်ဆိုင်ရာ ပြကွက်တို့ကို ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် အထူးဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို သိရှိစေနိုင်မည့် ကြီးမြတ်သောမြန်မာနှင့် ဘော ရုပ်ရှင်ကားများကိုလည်း အနုပညာဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် ပြသဖျော်ဖြေမှုများ၊ အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက သွေးရင်းများပီပီ၊ ပြည်မြန်မာ၊ ဇာတိမာန်၊ ထာဝရမြန်မာ၊ ပြည်ထောင်စုအင်အား၊ ထာဝရငြိမ်းချမ်းရေး၊ ပြည်ထောင်စုရဲ့ ထာဝရအလှနှင့် ပြည်ထောင်စုကြီး ထာဝရတည်စေသား တေးသီချင်းများကို ချစ်စဖွယ်တိုင်းရင်းသားရိုးရာကကွက်များဖြင့် ပေါင်းစပ်၍ ကပြဖျော်ဖြေရာ ပြပွဲလာရောက်ကြသူများကလည်း စိတ်အားထက်သန်စွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုအားပေးကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြင်ကွင်းခံစားမှုအပေါ်လိုက်ပါသွန်ကြားစေခိုင်းနိုင်သော (virtual reality) စနစ်ဖြင့် ကိုယ်တိုင်ပါဝင်ခံစားနိုင်သည့် ဂိမ်းအစီအစဉ်တွင်လည်း ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆောင်ရွက်လျက်ရှိသော အခြေအနေများကို မှတ်တမ်းမှတ်ရာများဖြင့် ပြည်သူများသိရှိစေရန် ခင်းကျင်းပြသလျက်ရှိရာ စိတ်ဝင်တစားဖြင့် လာရောက်လေ့လာကြသည်။

အဆိုပါပြပွဲအား ကျောင်းသားကျောင်းသူများနှင့်လူငယ်များ စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှ တစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ် ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ သိသင့်သိထိုက်သည့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် အနုပညာဆိုင်ရာ အကြောင်းအရာများကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပြသသည့် လူငယ်နှင့် စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပရန် စီစဉ်ထားရာမှ ကျောင်းသား ကျောင်းသူ လူငယ်များ၊ ကလေးငယ်များ ဆက်လက်ကြည့်ရှုလေ့လာနိုင်ရန် ဒီဇင်ဘာ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး၊ သန်းမင်းအောင်**
**ဓာတ်ပုံ - ကျော်ရဲဆွေ၊ ကိုကြီးထိန်**

---

*စာမျက်နှာ ၁၅ မှ*

အထောက်အကူပြုပါတယ်။ ကိုယ်မသိသေးတဲ့အရာတွေကို လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။

**မောင်ထက်ပိုင်လင်း**
**(ကျောင်းသား၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

ကြီးမြတ်သော မြန်မာပြခန်းကို လေ့လာတဲ့အခါမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့အရာတွေအားလုံးကို မြင်တွေ့ခွင့်ရခဲ့ပါတယ်။ ပြခန်းတွေကို တစ်စုတစ်စည်းတည်း မြင်တွေ့ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်စိတ်ဝင်စားတဲ့ ပြခန်းကတော့ စက်ရုပ်ပြခန်း၊ ဆိုက်ဘာလုံခြုံရေးပြခန်းတွေဖြစ်ပါတယ်။ ပြခန်းက ပြကွက်တွေကို လေ့လာကြည့်ရှုခြင်းအားဖြင့် အတွေ့အကြုံတွေ အများကြီးရရှိပြီး ကျောင်းသင်ခန်းစာအတွက်လည်း အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

**မကြယ်ဇင်သန့် (ကျောင်းသူ၊ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

အခုပြပွဲကို ကျင်းပပေးတဲ့အတွက် သမီးတို့ လူငယ်တွေ ပိုပြီးတော့ ဗဟုသုတတွေ တိုးပွားတယ်။ ကိုယ်နားမလည် မသိတဲ့အကြောင်းအရာတွေ ပိုပြီးတော့ သိရပါတယ်။ သူငယ်ချင်းတွေနဲ့ ဉာဏ်စမ်းဂိမ်းတွေလည်း ကစားခွင့်ရတဲ့အတွက်လည်း ပျော်ပါတယ်။ အခု သစ်တောဦးစီးဌာနမှာဆိုရင် သစ်ပင်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ၊ လိုက်နာသင့်တဲ့အချက်တွေကို သိခွင့်ရပြီး အခြားပြခန်းတွေကလည်း အသိပညာဗဟုသုတတွေကို ရရှိပါတယ်။ ခုလိုပွဲတွေကို နှစ်စဉ်ကျင်းပပေးမယ်ဆိုရင် မျိုးဆက်သစ်လူငယ်တွေအတွက် ပိုပြီး အကျိုးရှိမယ်လို့ထင်ပါတယ်။ သူငယ်ချင်းတွေအားလုံးလည်း အခုလို အသိပညာဗဟုသုတတွေ ပေးစွမ်းနိုင်တဲ့ပွဲတော်ကို လာရောက်လေ့လာကြည့်ရှုကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**မောင်ရဲထက်အောင်**
**(ကျောင်းသား၊ အမှတ်-၉၊ အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်)**

ကျွန်တော် လေ့လာခဲ့တဲ့ ပြခန်းကတော့ ကြီးမြတ်သော မြန်မာပြခန်းဖြစ်ပါတယ်။ အရင်က ကျွန်တော်တို့ မြန်မာတွေ အင်အားတန်ခိုး ကြီးထွားခဲ့ကြောင်း သိခဲ့ရပါတယ်။ ကျွန်တော်တို့ စိတ်ဝင်စားတဲ့ စက်ရုပ်တွေကို လေ့လာခဲ့ပါတယ်။ စိတ်ဝင်စားတဲ့ ပြခန်းကတော့ လူငယ်စွမ်းအားတိုင်းပြည်အင်အား ပြကွက်က လေယာဉ်တွေကို ဖြစ်ပါတယ်။ သူငယ်ချင်းအားလုံးကို ပြန်လည်မျှဝေပေးသွားမှာပါ။ ပြပွဲကို လာရောက် လေ့လာကြဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။ အခုလို ပွဲမျိုးတွေကို အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း ကျင်းပပေးပါလို့ ပြောချင်ပါတယ်။

**မကြယ်စင်စိုးသန့် (ကျောင်းသူ၊ အမှတ်-၁၁၊ အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် )**

ဒီနေ့ ဖျော်ဖြေရေးအစီအစဉ်အဖွင့်မှာ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းက သွေးရင်းများပီပီသီချင်းကို အကအလှတွေနဲ့ပေါင်းစပ်ပြီး ဖျော်ဖြေသွားတာ တွေ့ရပါတယ်။ သူတို့ဖျော်ဖြေသွားတာလေးကလည်း ချစ်စရာလေးပါ။ ဘာသာစကားမျိုးစုံနဲ့ သီချင်းဆိုသွားတာလည်း မြင်တွေ့ခဲ့ရပါတယ်။ ပြပွဲအနေနဲ့ကတော့ ရူပဗေဒခန်းကို စိတ်ဝင်စားပါတယ်။ အရင်လူငယ်နဲ့စာပေပွဲတော်ထက် အကအလှတွေ ပိုစုံလာတယ်။ ပြခန်းတွေလည်း ပိုပြီးစုံလင်စွာ ပါလာတဲ့အတွက် သမီးတို့အနေနဲ့ ပိုပြီးတော့ လေ့လာစရာတွေ များပြားလာပါတယ်။ အခုပြပွဲကနေ အသိပညာဗဟုသုတွေကိုလည်း ရရှိပါတယ်။



## ပလက်ဝမြို့နယ်၌ MRTV အစီအစဉ်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် ဖမ်းယူကြည့်ရှုနိုင်ပြီ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ချင်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်နှင့် ဆက်စပ်တည်ရှိသော ပလက်ဝမြို့နယ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ၏ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်မှုများကို ဒေသခံပြည်သူများ အနေဖြင့် ဒီဇင်ဘာ ၂၃ ရက်မှစ၍ အခမဲ့ကြည့်ရှုနိုင်ပြီဖြစ်သည်။

ပလက်ဝမြို့နယ်တွင် MRTV အစီအစဉ်များကို ထပ်ဆင့်လွှင့်စက်ရုံမှတစ်ဆင့် ၁၉၉၈ ခုနှစ်မှစ၍ Analogue စနစ်ဖြင့် ရုပ်သံတစ်လိုင်းတည်းကိုသာ ထုတ်လွှင့်ကြည့်ရှုနိုင်ခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် မေလအတွင်း ထပ်ဆင့်လွှင့်စက်ရုံမှာ ထိခိုက်ပျက်စီးခဲ့ရာ ထုတ်လွှင့်မှုများ ရပ်ဆိုင်းခဲ့ရခြင်းဖြစ်သည်။

ယခုအခါ MRTV မှ တာဝန်ရှိသူများသည် ပလက်ဝမြို့သို့ သွားရောက်ပြီး 100W DVB–T2 လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း တပ်ဆင်ပြီး စမ်းသပ်ထုတ်လွှင့်ခဲ့ရာ ယခုအခါ MRTV ၏ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်သော ရုပ်သံ ၁၈ လိုင်းကို အခမဲ့ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

ထိုသို့ ထုတ်လွှင့်မှုများကို အခမဲ့ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် အထောက်အကူ ဖြစ်စေရန် DVB–T2 Set Top Box အလုံး ၂၅၀ ကိုလည်း ပလက်ဝမြို့နယ် အုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရန် MRTV မှ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး သင်တန်းများဖွင့်လှစ်

**ကလေးဝ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ မြေပြင်အခြေခံလူဦးရေစာရင်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ရရှိစေရေးအတွက် မြို့နယ်အဆင့် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်မြေပြင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ရာက သင်တန်းတက်ရောက်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ မှန်ကန်သော အိမ်ထောင်စုလူဦးရေစာရင်းရရှိရေး မြေပြင်ကွင်းဆင်းကောက်ယူရေး ဆွေးနွေးပို့ချခဲ့ပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၂ ဦး တက်ရောက်ခဲ့သည်။ **သက်ဟန်(ကလေးဝ)**

## နတ်တလင်းမြို့၌ လူဦးရေစာရင်းမှန်ကန်ရေးသင်တန်းပို့ချ

**နတ်တလင်း ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ အထက်တန်းကျောင်းရှိ မနောဟာဒယခန်းမဆောင်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်အိမ်ထောင်စုလူဦးရေစာရင်း မှန်ကန်ရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နတ်တလင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး ခရိုင်ဦးစီးမှူး ဦးလှမျိုးထွန်းက အမှာစကားပြောကြားရာ နိုင်ငံတော် အကြီးအကဲများက အလေးထားဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် နားလည်သဘောပေါက်အောင် လေ့လာရန်လိုကြောင်း၊ မသန်စွမ်းစာရင်းကောက်ယူရာတွင် တိကျမှန်ကန်ရန်လိုကြောင်း ပြောကြားပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

## "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" မှ "သောတ္ထိသေနသမ္ဘူလ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။ အဆိုပါ အစီအစဉ်မှ "သောတ္ထိသေန သမ္ဘူလ" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ ဇံဟိန်း၊ နန်းခင်မွှေး၊ ချမ်းချမ်းမိုး၊ ဦးဝါဝင်း၊ ဦးစံငွေတို့နှင့်အတူ သဘင်ပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၃၁ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ၂၀၂၃ခုနှစ် ဇန်နဝါရီ ၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၈** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁၂ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၃၄၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၃၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၁၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၁၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၀ ကျပ် | ၂၀၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၄ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၆ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၄၀၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၆ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၄ . ၈၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၄၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂၉၆ | ၂၅၇၅၂၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၁၂၇၇ | ၄၁၅၄၀၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၀ | ၃၈၅၀၀၀ |
| FPB | ၁၉၀၀၀ | ၁၈၅၀၀ | ၅၇၂ | ၁၀၆၀၉၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၅၁ | ၁၃၅၁၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀ | ၂၇၀၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၄၇ | ၇၂၀၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊** **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၁ နှင့် ၅)
## ဇေယျာသီရိခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၉

ဒေါ်တင်တင်ဆွေ နှင့် ၁။ ဦးသွင်ဝင်း
၂။ ဦးစိုင်းဝီလျှံ

**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ယောက်သွားအင်းရပ်၊ အမှတ် (၂၇)၊ ဦးသွင်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ် စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမတိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်တုံးနှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးကျော်အောင်)**
**ခရိုင်တရားသူကြီး**
**ဇေယျာသီရိခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၄၉၂)၊ ရောဝတီလမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်ဒေါ်ရစ်လုံး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးမောင်မောင်သန်း ၁၂/လမတ(ဧည့်)၀၀၀၅၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းငြိမ်းဇော် ၅/အရတ(နိုင်)၀၇၈၆၃၉ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းငြိမ်းဇော်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄ လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၉၅၆၈၃၃၇၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၁ နှင့် ၅)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၉

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် နှင့် ၁။ ဦးကျော်စွာလင်း
(ပျဉ်းမနားဘဏ်ခွဲ)(ယခင်နေပြည်တော် ၂။ ဆန္ဒဘုန်းပြည့်မိသားစု
စည်ပင်ဘဏ်လီမိတက်)(ယင်းကိုယ်စား ကုမ္ပဏီလီမိတက် (ခ)
ဒေါ်ပပယုသွယ်) ဆန္ဒဘုန်းပြည့်မြန်မာ
ဂရုအော့ဖ်ကုမ္ပဏီလီမိတက်
၃။ ဦးပြည့်လင်းအောင်

**(တရားလို)** **(တရားပြိုင်များ)**

ဦးကျော်စွာလင်း(ဘ)ဦးသူရ၊ အမှတ်(၄)၊ လီမွန်ကုန်းလမ်း၊ အမှတ် (၁) ရပ်ကွက်၊ ဇီးကုန်းမြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "အငှားဝယ်စနစ်ဖြင့် ဝယ်ယူရာတွင် ပေးသွင်းရန်ကျန်ရှိသောငွေနှင့် ရက်လွန်ကြေးငွေ၊ အတိုးငွေ အပါအဝင် စုစုပေါင်းငွေ ၃၁၉၂၀၈၂၆/၅၀ ကျပ်ရလိုကြောင်း"နှင့် လျှောက်ထားစွဲဆိုရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာညွန့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပျဉ်းမနားခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာန၌ သွေးနှင့် သွေးပစ္စည်းများ ခွဲခြား စစ်ဆေးရန် လိုအပ်သည့်သွေးလှူဘဏ်သုံးဆေးပစ္စည်းနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါ** | - | ၂၉-၁၂-၂၀၂၂ ရက် |
| **စတင်ရောင်းချမည့်ရက်** | | (ကြာသပတေးနေ့) |
| **အိတ်ဖွင့်တင်ဒါ** | - | ၁၁-၁-၂၀၂၃ ရက်၊ (ဗုဒ္ဓဟူးနေ့) |
| **ပိတ်မည့်ရက်နှင့်အချိန်** | | (၁၆:၀၀) နာရီ |

တင်ဒါနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**
**ဖုန်း-၀၁၈-၃၇၂၇၅၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၄၂)၊ မြနန္ဒာလမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးဝင်းမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ကြည်ကြည်မိုး ၁၃/တမည (နိုင်)၀၀၂၀၇၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဖိုးဇော် ၅/ကဘလ (နိုင်)၁၀၈၅၁၇ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဖိုးဇော်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ လေးလွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ ၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅၊ မြင်သာ(၂)လမ်း၊ မြေကွက်အမှတ် ၇၄/ခ၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ဦးအေးသိန်း (AA-004432)နှင့် ဒေါ်လှငွေး (S/OKA-068296) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (၁)လုံးအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးမြင့် ၉/လဝန(နိုင်)၀၀၅၂၈၄ ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးမော်မော်ထွန်း ၅/ရဘန(နိုင်)၁၃၁၅၉၂ နှင့် ဒေါ်ဆွေဆွေဝင်း ၇/ပမန(နိုင်)၁၂၁၁၁၉ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမော်မော်ထွန်းနှင့် ဒေါ်ဆွေဆွေဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးထက်** | **ဒေါ်သီတာစန်းလွင် (ခ) သီတာစန်း** |
| **(LL.B)** | **(LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)** | **အထက်တန်းရှေ့နေ (စဉ်-၅၁၇၆၉)** |

**အမှတ်(၄)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊၀၉-၄၃၀၄၃၂၀၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၀၂၃

ဒေါ်ဝေမီလှိုင် နှင့် ဒေါ်မြင့်မြင့်သန်း

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ- ၁၀)၊ ဦးပိုင်အမှတ်- ၃၉ တွင် နေထိုင်သူ ဒေါ်မြင့်မြင့်သန်း (ဘ) ဦးထွန်း WMDY 30003 (ယခုနေရပ်လိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်(၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၈ရပ်ကွက်၊ နဝရတ် ၁၁လမ်း၊ အမှတ်(၅၉)တွင် ကျွန်မ ဒေါ်ခင်သီတာဝင်းမှ အောက်ဖော်ပြပါ အမည်တံဆိပ် ၅မျိုး-

၁။ Twin Star
၂။ Rainbow
၃။ Sunflower
၄။ Iris
၅။ MK

အနက်မှ သင့်လျော်မည့် အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများနှင့် အမည်တူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အထက်ပါအမည်တစ်ခုဖြင့် ရန်ကုန်မြို့ မှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင် တင်သွင်း၍ သောက်ရေသန့် ထုတ်လုပ်သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်သီတာဝင်း**
**၁၂/မဂတ(နိုင်)၀၂၁၁၃၇**
**ဖုန်း-၀၉-၅၁၆၁၀၉၂**

## အများသိစေရန် ကြေညာခြင်း

Singapore နိုင်ငံ-ခေတ္တနေ ဒေါ်တင်လှဝင်း(ဘ)ဦးတင်ဝင်း အယ်ကေဒဗလူ- ၀၅၁၃၀၇ - ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ Singapore နိုင်ငံ - ခေတ္တနေ - ဒေါ်ကျော်လင်းရွှေဝါ(ဘ) ဦးအောင်ကျော်လင်း ၉/မရမ(နိုင်)၀၇၈၂၈၅၊ မန္တလေးတိုင်းဒေသကြီးနေ ဦးခင်မောင်ဝင်း(ဘ)ဦးတင်ဝင်း ၉/မရမ(နိုင်)၀၁၅၂၅၃၊ ၃။ ဒေါ်သန်းသန်းဝင်း(ဘ) ဦးတင်ဝင်း ၉/မရမ(နိုင်)၀၃၁၇၈၁၊ ဒေါ်အေးချမ်းခင် (ဘ) ဦးကျော်ဝင်း ၉/မဟမ(နိုင်)၀၁၀၉၁၃ တို့၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်-

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်၊ အကွက်နံပါတ် (၇၆၃)၊ ဦးပိုင်နံပါတ် (၁၄ - ခ)၊ ဧရိယာ ၀ ဒသမ ၀၉၉၀၉၊ ဂရန်မြေကွက်၏ ဂရန်ခွဲဖြစ်သော (၁၄-င)(ဂရန်အမှုတွဲအမှတ် - ၂၃၀၃/ ၁၃/၁၄) ဂရန် - ဦးညွှန့်လှိုင်ပါ (၁၀) မြေဂရန်အား အမွေဆက်ခံပိုင်ဆိုင်ကြသူများမှာ- မအေးချမ်းခင်(ဘ)ဦးကျော်ဝင်း ၉/မဟမ (နိုင်)၀၁၀၉၁၃၊ ဦးခင်မောင်ဝင်း(ဘ) ဦးတင်ဝင်း ၉/မရမ(နိုင်)၀၁၅၂၅၃၊ ဒေါ်သန်းသန်းဝင်း (ဘ) ဦးတင်ဝင်း ၉/မရမ(နိုင်)၀၃၁၇၈၁၊ ဒေါ်ကြည်ကြည်ဝင်း(ခ)ဒေါ်တင်လှဝင်း(ဘ) ဦးဇင်ဝင်း ၁၂/ကမန(နိုင်)၀၂၂၂၇၆ ၎င်း၏ကိုယ်စားလှယ်စာရရှိသူ ဒေါ်ကျော်လင်းရွှေဝါတို့မှ တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြောင်း အဆိုပါမြေဂရန်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမွေဆက်ခံခွင့်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသောသူများသည်သာ ပိုင်ရှင်အစစ်အမှန်များဖြစ်ကြောင်းနှင့် ယင်းဂရန်မြေပေါ်ရှိ အဆောက်အအုံအား ထပ်မံတိုးချဲ့ခြင်း၊ ငှားရမ်းခြင်းများအား မြေရှင်များဖြစ်သည့် အမွေဆက်ခံခွင့်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူအားလုံး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ယင်းမြေကွက်ပေါ်တွင် တစ်စုံတစ်ရာထပ်မံတိုးချဲ့မှုများ ပြုလုပ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အိဖြိုး**
**တရားလွှတ်တော်ရှေ့နေ (LL.B)**
**စဉ်-၁၂၈၇၁-၂၀၁၇**
**အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၈၉၁၀၁၁၈၊ ၀၉-၄၂၇၄၉၇၄၄၃**

## ဦးသန်းဝင်း ၁၂/ကမရ(နိုင်) ၀၅၆၆၉၉ သိစေရန်

AURUM FIELD.Co.,Ltd. (ရွှေလွင်ပြင်ကုမ္ပဏီလီမိတက်)၏ အမည်အသုံးပြုကာ လုပ်ငန်းလုပ်ရန်ဟုအကြောင်းပြလျက်လူကြီးမင်းမှ ငှားရမ်းခဲ့သည့် PRADO ယာဉ်(၃)စီးကို ကုမ္ပဏီသို့ပြသရန်နှင့် ယာဉ်ငှားခငွေများပေးချေရန် ပျက်ကွက်နေသည့်အပြင် ယာဉ်(၃)စီး၏ပိုင်ရှင်မှလည်း ယာဉ်များကို ပြန်ပေးအပ်ရန် တောင်းဆိုနေသဖြင့် ဤကြေညာပါရက်မှ (၇)ရက်အတွင်း၊ ယာဉ်(၃)စီးနှင့် ကျသင့်လခငွေများကို မပျက်မကွက် လာရောက်ပေးအပ်ရှင်းလင်းပေးပါရန် သဘောရိုးဖြင့် အသိပေးအပ်ပါသည်။ (အကြောင်းကြားစာပေးပို့ရာ လိပ်စာ၌မရှိ၍ သတင်းစာမှကြေညာ အသိပေးခြင်းဖြစ်ပါသည်။)

AURUM FIELD.Co.,Ltd. အမှတ်(၂၂၄/၂၂၆)၊ (အခန်း-၉၀၂)၊ ဗိုလ်အောင်ကျော်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ကျော် ၁၂/သဃက(နိုင်) ၀၃၄၄၂၀ ၏ ပြောဆိုလွှဲအပ်ချက်အရ-

| | |
|---|---|
| **ဦးမြသိန်း(ပုဇွန်တောင်)(ဥပဒေတွဲ့)** | **ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)(ဥပဒေတွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၅၁၇)** | **(စဉ်-၁၁၄၅၃)** |

**(ရုံး)အမှတ်(၁၅၅)၊ (ပ)ထပ်၊၄၆လမ်း(အထက်)၊ ၁၀-ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၄၅၅၁၆၈၄၁၅၊ ၀၉-၇၃၁၀၇၀၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/30452 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၉/မရမ(နိုင်) ၀၅၉၅၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/14367 Zeniz-125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထွန်း ၅/ကဘလ(နိုင်)၁၆၆၆၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/34359 Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ NCX MYANMAR CO.,LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/5517 Toyota Corolla CE106, Station Wagon (4x2)R ယာဉ်အမည်ပေါက် ဦးနေလှိုင် ၁၂/ကမရ(နိုင်) ၀၄၂၄၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/7595 KARRY YOKI, Pick up(4x2)(L) (DOUBLE CAB) ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်စိုးထူး ၁၂/ဒဂန(နိုင်) ၀၁၄၄၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## သွေးသည် အသက်

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကျောက်ဆည်မြို့၊ ဖေါင်ရွာရပ်၊ မြို့မ အထက ဒသမတန်း အောင်မြင်ခဲ့သော မဂျူးဂျူး၏ ဖခင်မှာ ဦးသိန်းဇော်ဦး (ခ) ဦးသိန်းဇော် ၉/ကဆန(နိုင်) ၁၀၀၈၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။




## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ်(၉၄၄)၊ မြေ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၂၇-၂-၁၉၉၈)ရက်စွဲပါစာ အမှတ်၊ ၅၄၀/၅-၄/တယက(တနင်္သာရီ)အရ အိမ်ရာမြေအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့် ခွင့်ပြုချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်ကြည်ကော့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၂/၂၀၂၂)ဖြင့် ဦးအောင်စိုးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန် (အသစ်)လျှောက်ထားနိုင်ရေး ဦးအောင်စိုး ၁၂/ဥကမ(နိုင်)၀၀၄၈၁၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ် (၃၀)၊ ဧရိယာ ၀ဒသမ၀၂၈ဧကေ မြေကွက်တည်နေရာအမှတ် (၇၃)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်တင်ကြိုင် ၁၂/ဒပန(နိုင်)၀၂၆၆၇၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ကြိုင်(မိခင်)နှင့် ဦးသန်းရွှေ(ဖခင်)တို့အသီးသီး ကွယ်လွန်သဖြင့် ဒေါ်တင်ငွေး ၁၂/ဒပန(နိုင်)၀၂၆၆၅၂၊ ဒေါ်အေးအေးဝင်း ၁၂/ဒပန(နိုင်)၀၂၆၆၇၇၊ ဦးသန်းဇော် ၁၂/ဒပန(နိုင်)၀၂၆၆၇၅၊ ဒေါ်တင်တင်မော် ၁၂/ဒပန(နိုင်)၀၄၁၄၀၆၊ ဒေါ်စန္ဒာလှိုင် ၁၂/ဒပန(နိုင်)၀၄၂၂၆၄တို့မှ သားသမီးများတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်တင်ကြိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မူရင်း၊ ဒေါ်တင်ကြိုင်နှင့် ဦးသန်းရွှေတို့၏ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၄)ရပ်ကွက်၊ တိုက်အမှတ်(၁၄၈)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ထပ်တိုက် အဆောက်အအုံ၏ဒုတိယထပ်၊ အကျယ်အဝန်း (၅၄ပေ x ၁၄ပေ) ခန့်ရှိ တိုက်ခန်းနှင့်တိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာ ဦးနေလင်းထွန်း ၁၃/တကန(နိုင်)၁၄၉၆၀၇၊ (မန်းနေဂျင်းဒါရိုက်တာ ဆန်းမြတ်ထွန်း Co.,Ltd)ထံမှ ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်တွင် ပြုလုပ်ချုပ်ဆိုသည့် နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ဦးစိုးကျော်သူ ၁၄/ပတန(နိုင်) ၁၄၆၃၅၂မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက်အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွေးကြိုင်(ခ)ဒေါ်စိန် ၁၂/မဂတ(နိုင်) ၀၃၆၁၅၁မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝသန်စည်သူ(LL.B,D.I.L)၊ အထက်တန်းရှေ့နေ(စဉ်-၅၃၀၀၃)**
**အမှတ်(၄၈/ဘီ)၊ တတိယထပ်၊ မလွှကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/3589, AMANDLA SMB M/CRO BUS (4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးထိုက် ၈/မမန(နိုင်) ၁၉၄၂၂၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်ဂင်ရှိန် ၆/ထဝန(နိုင်)၀၃၉၇၇ ပိုင်ဆိုင်သော ထားဝယ်မြို့၊ အုတ်ဖိုလမ်း၊ အိမ်အမှတ် ခ-၂၄၃၏ အိမ်ဂရန် ပျောက်ဆုံးသွား၍ အိမ်ဂရန်အသစ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဂင်ရှိန်**
**ဖုန်း-၀၉-၂၆၀၁၈၅၈၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၉၉၇၂ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုး ၆/ထဝန (နိုင်)၀၀၀၉၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၈၅

| | | |
|---|---|---|
| ဒေါ်နွယ်နီသိန်း | နှင့် | ဦးစောအောင် |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကျောက်တလုံးလမ်း၊ အမှတ်(၉၂/၅၈)၌ နေသူ ဦးစောအောင် (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကူညီထုတ်ချေးငွေ ကျပ်သိန်း (၁၅၀၀၀၀၀၀၀/-) (ကျပ်သိန်း တစ်ထောင့်ငါးရာတိတိ) ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁)၊ အကွက်အမှတ်-RAIII၊ ကွက်ပြင်-၃၊ ဦးပိုင်အမှတ်(၂၁၇-က)၊ မြေဧရိယာ ၀ဒသမ၀၃၈ဧကအကျယ်ရှိ မြေကွက်အား (ကျန်ဦးပိုင်ခွဲ/ဂရန်အမည်ပြောင်း/ဂရန်သက်တမ်းတိုး)လျှောက်ထားနိုင်ရေး၊ ဒေါ်လက်ချိမ်း ၉/မမန(နိုင်)၀၃၉၇၂၀၊ ဒေါ်မာလာ ၉/မမန(နိုင်)၀၃၇၅၄၂နှင့် ဦးလားလ်ဗဟာဒူး(ခ)ဦးဇော်ဝင်း ၉/မမန(နိုင်)၀၃၈၉၄၄တို့ (၃)ဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၁၁၀၆)၊ (၄၀x၆၀)ပေအကျယ်ရှိ ဒေါ်နော်စေးရာအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးတင်အောင်ချို ၁၂/ဥကတ(နိုင်) ၁၅၉၂၁၁ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေသီလှိုင် ၁၄/ဒဒရ(နိုင်) ၁၀၉၈၅၆သည် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသီလှိုင် ၁၄/ဒဒရ(နိုင်) ၁၀၉၈၅၆၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၀၉)**
**အမှတ်(၈)၊ မြေညီထပ်၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၃၉၉၉၇၁၇**

## အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

(၂၃-၁၂-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှ ဦးတင့်ဇော်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ကျော့ကျော့လင်း၏ အများသိစေရန်ကြေညာချက်အပေါ် တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်နေ ဒေါ်ခိုင်ထက်ထက်မာ(ဘ)ဦးမောင်ကြိုင် ၉/တကန(နိုင်) ၁၄၂၃၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ထက်ထက်မာနှင့် ဦးတင့်ဇော်နိုင်တို့သည် (၁၆-၁၁-၂၀၁၄)ရက်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီး မသိမ်မွေ့ထက်ကို မွေးဖွားခဲ့သည်မှာ မှန်သော်လည်း ဦးတင့်ဇော်နိုင်သည် ၂၀၁၈ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်မည်ဆိုကာ ငွေများချေး၍ ထွက်သွားခဲ့ပြီး ချေးထားသည့်ငွေများပြန် ဆပ်ရန်အတွက်သာ တစ်ကြိမ်လျှင်(၂/၃)သိန်းခန့်သာလွှဲပို့ခဲ့ပြီး အကြွေးများကြေပြီး နောက်ဇနီးနှင့်သမီးဖြစ်သူတို့အား ငွေများလွှဲပို့ခြင်းမရှိတော့ပါ။ ဒေါ်ခိုင်ထက်ထက်မာနှင့် သမီးဖြစ်သူသည် တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်ရှိ ဒေါ်ခိုင်ထက်ထက်မာ၏ မိဘများနေအိမ်တွင် မှီခိုနေထိုင်ခဲ့ရပါသည်။ ဦးတင့်ဇော်နိုင်သည် ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံမှပြန်လာခဲ့ပြီး ယင်းမာပင်မြို့သို့ သွားရောက်နေထိုင်ခဲ့သည့်အတွက် တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်တွင် ဦးတင့်ဇော်နိုင်နှင့် ဒေါ်ခိုင်ထက်ထက်မာတို့ ပေါင်းသင်းနေထိုင်ခြင်းမရှိသောကြောင့် မည်သို့မျှပတ်သက်ဆက်စပ်ခြင်းမရှိတော့ပါ။ ဒေါ်ခိုင်ထက်ထက်မာသည် မိဘများအုပ်ထိန်းမှုအောက်၌နေထိုင်ပြီး စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်ရသောကြောင့် ထိုလုပ်ငန်းခွင်များသို့ ဦးတင့်ဇော်နိုင် အနေဖြင့် သွားရောက်နှောင့်ယှက်ခြင်း၊ တားဆီးပိတ်ပင်ခြင်းများ မပြုလုပ်ရန်နှင့်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခိုင်ထက်ထက်မာ(ဘ)ဦးမောင်ကြိုင်** | **ဒေါ်ထက်ထက်စိုး(LL.B)** |
| **၉/တကန(နိုင်) ၁၄၂၃၄၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၂)** |
| **အောင်ဇေယျရပ်ကွက်၊** | **အနော်ရထာရပ်ကွက်၊** |
| **တပ်ကုန်းမြို့** | **တပ်ကုန်းမြို့၊** |
| | **ဖုန်း-၀၉-၄၃၁၃၉၇၇၆** |

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
## (၂၂)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်အစီအစဉ်

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**“ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်”**

(က) ကျင်းပမည့်နေ့ - ၂၀-၁-၂၀၂၃ ရက်နေ့ (သောကြာနေ့)

(ခ) ကျင်းပမည့်အချိန်

(နံနက်ပိုင်းအစီအစဉ်) - (၁) နံနက် (၀၉:၀၀)နာရီ
- မဟာဥပဒေဘွဲ့
- မဟာ(ဝိဇ္ဇာဘွဲ့)
  (မြန်မာစာ၊ သမိုင်း၊ စာကြည့်တိုက်နှင့် သုတပညာ)
- မဟာ(သိပ္ပံဘွဲ့)
  (ရူပဗေဒ ၊ ရက္ခဗေဒ ၊ ကုန်ထုတ်ဓာတုဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)
  (မြန်မာစာ၊အင်္ဂလိပ်စာ၊စာကြည့်တိုက်နှင့် သုတပညာ)
- သိပ္ပံ(ဂုဏ်ထူးဘွဲ့)
  (ရူပဗေဒ ၊ ရက္ခဗေဒ ၊ ကုန်ထုတ်ဓာတုဗေဒ)
- ဥပဒေဘွဲ့
- ဝိဇ္ဇာဘွဲ့
  (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ စာကြည့်တိုက်နှင့် သုတပညာ)
- သိပ္ပံဘွဲ့
  (ရူပဗေဒ ၊ ရက္ခဗေဒ ၊ကုန်ထုတ်ဓာတုဗေဒ)

(မွန်းလွဲပိုင်းအစီအစဉ်) - (၂) မွန်းလွဲ (၂:၀၀)နာရီ
- မဟာဝိဇ္ဇာဘွဲ့
  (ပထဝီဝင်၊ ဒဿနိကဗေဒ)
- မဟာသိပ္ပံဘွဲ့
  (ဓာတုဗေဒ၊ သင်္ချာ ၊ သတ္တဗေဒ )
- ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)
  (သမိုင်း ၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- သိပ္ပံ(ဂုဏ်ထူးဘွဲ့)
  (သင်္ချာ ၊ သတ္တဗေဒ ၊ ဘူမိဗေဒ)
- ဝိဇ္ဇာဘွဲ့
  (ပထဝီဝင်၊ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- သိပ္ပံဘွဲ့
  (ဓါတုဗေဒ ၊ သင်္ချာ ၊ သတ္တဗေဒ ၊ ဘူမိဗေဒ )

၂။ ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

၃။ အစမ်းလေ့ကျင့်ခြင်း

| | |
|---|---|
| နေ့ရက် | - ၁၆ - ၁ - ၂၀၂၃ (တနင်္လာနေ့) |
| အချိန် | - နံနက် (၀၉:၀၀) နာရီ |
| နေရာ | - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) |

ဘွဲ့နှင်းသဘင် အစမ်းတက်ရောက်ခွင့် ကတ်ပြားများကို (၁၂-၁-၂၀၂၃) နှင့် (၁၃-၁-၂၀၂၃) ရက်နေ့ထိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

**မေဝင်းဆွေငယ်**
**မော်ကွန်းထိန်း(စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9P/3850၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/ခ)၊ လူနေရပ်ကွက်အမှတ်(ဖော့ကန်)၊ မြေကွက်အမှတ်(၁)၊ အကျယ်အဝန်း(၁ဒသမ ၆၃၀)ဧကရှိမြေ ကွက်ကြီး၏ (၃)ပုံ(၁)ပုံထဲမှ (၈၀ x ၆၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူဒေါ်နီနီခိုင် ၇/ညလပ(နိုင်) ၁၀၅၉၈၇၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ကဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နိုင်နိုင်ရွှေ(LL.B,D.B.L)** | **ဦးရဲဝဏ္ဏ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၂)** |

**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဈ)၊ (ပ)ထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၆၁၆၃၀**

## စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း Purified Tetanus Toxoid Bulk (18MLf) (၁၀)လီတာ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်

| ပစ္စည်းအမည် | အရေအတွက် |
|---|---|
| Purified Tetanus Toxoid Bulk (18 MLf) | ၁၀ လီတာ |

၂။ **တင်ဒါဖွင့်ပိတ်ရက်** - ၂၉-၁၂-၂၀၂၂ရက်မှ ၁၁-၁-၂၀၂၃ရက်

၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ (အင်းစိန်)

၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံး အမှတ်(၃၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | တယ်လီဖုန်းအမှတ်- |
|---|---|
| မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်) | ၀၆၇-၃၄၀၈၃၈၈ |
| စက်မှုဝန်ကြီးဌာန၊ | ၀၆၇-၃၄၀၈၃၅၄ |
| ရုံးအမှတ် (၃၇)၊ နေပြည်တော် | |

## အစုရှယ်ယာလျှော့ချခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရန်အစည်းအဝေးကျင်းပမည်ကိုကြေညာခြင်း KEISOKU GIKEN MYANMAR COMPANY LIMITED

KEISOKU GIKEN MYANMAR COMPANY LIMITED အစုရှယ်ယာလျှော့ချခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရန် အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များနှင့် အခြားသောသက်ဆိုင်သူများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးသို့ ပါဝင်တက်ရောက်မည်ဆိုပါက ၂၀၂၃ခုနှစ် ၊ ဇန်နဝါရီလ ၃ရက်နောက်ဆုံးထား၍ဆက်သွယ်အကြောင်းကြားပေးပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

ထိုအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များမှ အစုရှယ်ယာလျှော့ချမည့်အကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ပါသည်။

**အစည်းအဝေးကျင်းပမည့်နေ့ရက်** - ၆-၁-၂၀၂၃ရက် (သောကြာနေ့)

**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀နာရီ

**အစည်းအဝေးကျင်းပမည့်နေရာ** - အမှတ်(၄၈၃)၊ အခန်း(၁၀-A)၊ ၁၀လွှာ၊ အေးရိပ်သာကွန်ဒို၊ အေးရိပ်သာ(၂)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

MR.ISSAKU MUKAI
Director
KEISOKU GIKEN MYANMAR COMPANY LIMITED

## ကန့်ကွက်ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်၊ မကျီးတန်းရပ်ကွက်နေ ဒေါ်ဝင့်ရည်မွန်မှ ရွှေကျင်မြို့နယ်၊ မကျီးတန်းရပ်ကွက်၊ အကွက်အမှတ် (၅-ဓ မကျီးတန်းရပ်)၊ ဦးပိုင်အမှတ်-၃/ခ၊ မြေမျိုး(မြို့မြေ)၊ မြေဧရိယာ ၀ဒသမ၀၃၀ ဧကအား မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါစာချုပ်အား မှတ်ပုံတင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အဆိုပါမြေအား မူလအမည်မှ ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာပါသောကြောင့် ယခုကန့်ကွက်လွှာခေါ်ယူသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး**
**ရွှေကျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/3726 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းကျေးရွာအုပ်စု (၁၁၆၄)၊ လက်ပံ(ရှ)ကွင်း၊ ဦးပိုင်အမှတ်-၂၈/၂၊ မြေဧရိယာ ၈ဒသမ၈၀ဧကရှိ ဒေါ်မြင့်မြင့်ဆွေ ၁၂/သဃက(နိုင်)၀၁၃၅၇၄ အမည်ပေါက် ဘိုးဘွားပိုင်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေဧရိယာ သုံးဧကအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးခင် ၁၂/ဥကမ(နိုင်)၁၀၇၇၅၉-ဒေါ်ယုယုသင်း ၁၂/ရကန(နိုင်)၀၀၂၉၃၇တို့က အမည်ပေါက်ထံမှ အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်**
**ဦးစဇော်မင်းထွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၃၈၀၇)**
**ph:09-448537115**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်အထွေထွေပိုလျှံ ရန်ပုံငွေ (GRF) ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် ၃၀-၁၂-၂၀၂၂ရက်မှ ၆-၁-၂၀၂၃ရက်အထိ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးဖုန်း-၀၇၄-၂၅၂၂၄၅၂၊ ၀၉-၂၅၉၈၁၄၉၃၁၉ ဖုန်းနံပါတ်များတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(၁) ပြည်နယ်အားကစားကွင်းအထူးတန်းပွဲကြည့်စင် VIP အတွက် မှန်လုံခန်း တည်ဆောက်ခြင်း (ပေ ၅၀xပေ ၂၀x ၁၀ပေ) (မြစ်ကြီးနားမြို့)

(၂) ငြိမ်းချမ်းသာယာရေးကူးကန်ပွဲကြည့်စင်ခုံများ တပ်ဆင်ခြင်းလုပ်ငန်း (အထူးတန်း (၂) ယောက်ထိုင်ဆိုဖာခုံ (၂၄)ခုံနှင့် စားပွဲ (၂၄)ခုံ၊ ရိုးရိုးတန်းခုံ (၇၀၀)ခုံ) (မြစ်ကြီးနားမြို့)

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့**

## ပျောက်ဆုံးကြောင်း

Shwe Nar Wah Co.,Ltd. ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၁၅၁၉၃၆၀၁၆ (၂၂-၃-၂၀၀၈) ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အမှတ် မနသ-၇၆၀/၂၀၁၀ (၁၃-၁၀-၂၀၁၀)မှာ ပျောက်ဆုံးသွားပါကြောင်း။

Shwe Nar Wah Company Limited

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) သဃ်န်းကျွန်းခရိုင်တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၉၆၇

ဒေါ်ခင်ကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်သန်း) **တရားလို** နှင့် ဒေါ်ရွှေနန်းစီ **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြင်သာ (၁၁)လမ်း၊ အမှတ် (၁၀၆)နေ တရားပြိုင် ဒေါ်ရွှေနန်းစီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေရှင်နှင့် ကန်ထရိုက်တာတို့နှစ်ဦးသဘောတူပြုလုပ်သည့် ၂၅-၄-၂၀၁၄ရက်စွဲပါ ကတိစာချုပ်နှင့် ထပ်မံပြင်ဆင်ချုပ်ဆိုသော ၁၆-၁၀-၂၀၁၅ရက်စွဲပါ စာချုပ်တို့အား ပယ်ဖျက်ဖျက်သိမ်းပေးစေလိုမှုကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေပါစေ၍ ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၁ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော (၂) လမ်း၊အမှတ် (၁၀၆)တည်ရှိရာ ကြည့်မြင်တိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် 26-F6၊ မြေကွက်အမှတ် (ပဥ္စမတန်းစား-၈)၊ မြေဧရိယာ ၀ဒသမ၀၂၉ဧက၊ ဒေါ်သန်းကြည် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်(သက်ကုန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကို အမည်ပေါက် ဒေါ်သန်းကြည် ၁၂/ကမတ(နိုင်)၀၄၆၆၂၂မှ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ယင်းမြေ၏ မြေစာရင်းမှတ်ချက်တွင် ဦးမောင်စိန် (ခ)ဦးကန်နယားမှ ကန့်ကွက်စာတင်သွင်းထားခြင်းနှင့်စပ်လျဉ်း၍ ဒေါ်သန်းကြည်မှ ဌာနဝင်စာအမှတ်-၂၇၉၄/၁-၁၀-၂၀၂၁ ဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၂၉၉/၂၀၀၇)ဖြင့် ဦးမောင်စိန်(ခ) ကန်နယားက တရားလိုပြု၍ ဦးအေးသောင်း၊ ဒေါ်သန်းကြည်တို့အား တရားပြိုင်ထားကာ မြေကွက်အတွင်းကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံအစိတ်အပိုင်းအား ဖယ်ရှားပေး၍ ကျူးကျော်ရယူထားသော မြေအစိတ်အပိုင်းအား ဖယ်ရှားပေးစေလိုမှုစွဲဆိုခဲ့ရာ ၁၉-၃-၂၀၁၀ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီဖြင့် အနိုင်ဒီကရီချမှတ်ခဲ့ရာ ယင်းအမိန့်အပေါ် ရန်ကုန်တိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် (၁၃၀/၂၀၁၀)ဖြင့် ဦးအေးသောင်း၊ ဒေါ်သန်းကြည်တို့က အယူခံတက်ခဲ့ရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၂၉၉/၂၀၀၇)၏ ၁၉-၃-၂၀၁၀ရက်က ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီအား ပလပ်သည့် ၂၃-၇-၂၀၁၀ ရက် စီရင်ချက်နှင့်ဒီကရီအား ၂၃-၇-၂၀၁၀ရက် ဒီကရီအပေါ် တရားရုံးချုပ် တရားမဒုတိယအယူခံမှုအမှတ်-၁၈၇/၂၀၁၀ဖြင့် ဦးမောင်စိန်(ခ)ဦးကန်နယားက အယူခံတက်ခဲ့ရာ တရားရုံးချုပ်တရားမဒုတိယအယူခံမှုအမှတ် (၁၈၇/၂၀၁၀)၏ (၂၀-၁၂-၂၀၁၀)ရက်နေ့အမိန့်ဖြင့် ပလပ်ခဲ့ပြီး ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့သည့် တရားရုံးအထောက်အထားများကိုတင်ပြလာသဖြင့် ဒေါ်သန်းကြည်၏ ဂရန်သက်တမ်းတိုးလျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်မည်ဖြစ်ပါ၍ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

(၂၆)ကြိမ်မြောက် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည် အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲအား အသင်းသားများ၏ ရိုက်ချက်(Handicap)အလိုက် ရွှေအဆင့်(H'cap 0 to 12)၊ ပြိုင်ပွဲကို ၂၁-၁-၂၀၂၃ရက် (စနေနေ့) တွင်လည်းကောင်း၊ ငွေအဆင့် (H'cap 13 to 18)၊ ကြေးအဆင့် (H'cap 19 to 24)နှင့် အမျိုးသမီးအသင်းသူများ ပြိုင်ပွဲများကို ၂၂-၁-၂၀၂၃ ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း ကျင်းပသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆုများကိုလည်း အတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပါသောကြောင့် အသင်းသားများ အနေဖြင့် မိမိတို့၏ အဆိုပြုရိုက်ချက်(Handicap) များကို မြို့တော်ဂေါက်ကွင်း ဧည့်ကြိုကောင်တာ၌ ပြိုင်ပွဲဝင်ကြေး ၅၀၀၀/-နှင့်အတူ ၃၀-၁၂-၂၀၂၂ရက် မှစတင်၍ ၁၉-၁-၂၀၂၃ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၀ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၄၆

ဒေါ်ငြိမ်းငြိမ်းထွေး **အယူခံတရားလို** နှင့် ဒေါ်ခင်လှိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်သီတာစိုး) **အယူခံတရားပြိုင်**

၂၀၂၀ပြည့်နှစ်၊ မေလ ၂၆ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှု ၃၁၁/၂၀၁၇အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အခန်း(၄လွှာ/အေ)၊ တိုက်(၈၄)၊ အယူခံတရားပြိုင် ဒေါ်ခင်လှိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက် (၁၃၈၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ် ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန်

